တောကျောင်းကျေးရွာ

သရက်မြို့နယ်

# ကျေး ရွာ ဖွံ့ ဖြိုး ရေး စီ မံ ကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောကျောင်းကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

## ၂၀၁၈-ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ


မာတိကာ

စကားချီး

တောကျောင်းကျေးရွာ၊ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သရက်မြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

၂။ တောကျောင်းကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) စိုက်ပျိုးရေးကဏ္ဍ

(ဂ) မွေးမြူရေးကဏ္ဍ

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ

(င) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု

(စ) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(ဆ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဇ) လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား

(ဈ) အခြေခံအဆောက်အဦ လက်လှမ်းမီမှု– လမ်းတံတား၊ ဆိုလာမီးရရှိမှု၊ သတင်းနှင့် ဆက်သွယ်ရေး

(ည) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

၆။ ရည်ရွယ်ချက် ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

(ကက) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional classification)

(ခခ) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ

(၁) တောကျောင်းကျေးရွာ၏ လူမှုစီးပွားရေးအခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့် အလမ်းများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာ နှင့် အခက်အခဲများ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်မှုနှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

ဇယား (၃၈) အိမ်သာ အမျိုးအစား

ဇယား (၃၉) ကျား – မ ရေးရာ

ဇယား (၄၀)	ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား (၄၁)	ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား (၄၂)	ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၃)	သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၄၄)	လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား (၄၅)	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား (၄၆)	ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၄၇)	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား (၄၈)	မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂)	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ တောကျောင်းကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများပါဝင်ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ် တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိ ခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို

မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်း စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက် များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက် များ ပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၁၈-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တောကျောင်းကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ရေဘွက်အုပ်စု၊

## တောကျောင်းကျေးရွာ၏ကျေးရွာနှင့် သယံဇာတပြမြေပုံ



## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

### ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာမှပြည်သူများကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ဤစီမံချက်အား ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များအား ပြုစုရန်အရေးကြီးပုံကို သိရှိခဲ့ရပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊

(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်

ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းအချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်အားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်စည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ(တောကျောင်းကျေးရွာ)

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

တောကျောင်းကျေးရွာသည် သရက်မြို့နယ်၊ရေဘွက်အုပ်စုတွင်ပါဝင်ပြီး သရက်မြို့နှင့် (၁၃)မိုင်ခန့် ကွာဝေးပြီး သရက်-မင်းလှလမ်း၏ အရှေ့ဘက်၊ ပွန်းချောင်းဘေးတွင် တည်ရှိပါသည်။ တောကျောင်းကျေးရွာဘေးရှိ ပွန်းချောင်းတစ်ဖက်ကမ်းတွင် တည်ရှိသော ကျေးရွာများမှာ ချောင်း၏အနောက်ဘက်တွင် ရေဘွက်ကျေးရွာနှင့် တောမွန်ကျေးရွာတို့ တည်ရှိပြီး နယ်နိမိတ်ချင်းထိစပ်နေသော ကျေးရွာများမှာ ရွာ၏ အရှေ့ဘက်တွင် သပြေစမ်းကျေးရွာ၊ အနောက်မြောက်ဘက်တွင် ပေါက်တောကျေးရွာနှင့် ဓါတ်ကုန်းကျေးရွာ၊ မြောက်ဘက်တွင် လုံးတော်ကျေးရွာ၊ အရှေ့တောင်ဘက်တွင် ကွမ်းအုံကျေးရွာနှင့် အုတ်ရှစ်ကုန်းကျေးရွာတို့နှင့် ထိစပ်လျှက်ရှိပါသည်။ သရက်-မင်းလှ အဝေးပြေးလမ်းမကြီး သို့ သွားရောက်လိုပါက ပွန်းချောင်းကိုဖြတ်၍ ရေဘွက်ကျေးရွာမှ တဆင့်သွားရခြင်း ဖြစ်ပါသည်။

## (ခ) သဘာဝအရင်းအမြစ်များ

တောကျောင်းကျေးရွာသည် ပွန်းချောင်းဘေးတွင် တည်ရှိသဖြင့် သဲနှင့် ကျောက်စရစ်တို့ အနည်းငယ်ရရှိနိုင်သော်လည်း စီးပွားဖြစ် ရောင်းချနိုင်မှုမရှိပါ။ ချောင်းမှာ ခြောက်သွေ့ရာသီတွင် ရေနည်းသဖြင့် သောက်သုံးရေကို ကျေးရွာတွင်းရှိ ပုဂ္ဂလိကပိုင် တုံကင်တွင်း (၄၀)တွင်းနှင့် ရွာပိုင် စက်ရေတွင်းတို့မှ ခပ်ယူ၍ သုံးစွဲကြရပါသည်။ စိုက်ပျိုးမြေဧကအများစုမှာ ကုန်းမြင့်တွင် တည်ရှိသည့်အတွက် ချောင်းမှ စိုက်ပျိုးရေ မသွယ်ယူနိုင်သဖြင့် မိုးကောင်းသောက် စိုက်ပျိုးရေးစနစ်ကိုသာ အဓိကထား ဆောင်ရွက်ကြပါသည်။

ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၃၀)ဧက၊ ယာမြေ(၃၃၄.၇၅) ဧက၊ ဥယျဉ်ခြံမြေ (၈)ဧကနှင့် ကိုင်း (၆၂)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧကပိုင်ဆိုင်မှု (၅၃၄.၇၅) ဧက ရှိပြီး တောင်သူအိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှ (၄)ဧကခန့် ပိုင်ဆိုင်ကြပါသည်။

သဘာဝတိရစ္ဆာန်မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များမရှိပါ။ မွေးမြူရေးလုပ်ငန်းအား မိသားစုတနိုင်တပိုင်သာ ဆောင်ရွက်ကြခြင်းဖြစ်ပြီး နွားစာ/ ဝက်စာများအဖြစ် စားကျက်မြေ အသင့်အတင့်သာ ရှိပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

တောကျောင်းကျေးရွာတွင် အိမ်ထောင်စု (၁၆၁)စု၊ အမျိုးသား (၂၈၂)ဦး၊ အမျိုးသမီး (၂၉၆)ဦးဖြစ်ပြီး လူဦးရေစုစုပေါင်း (၅၇၈)ဦးနေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၄%)မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေး

ဦးရေ (၁၂%)၊ သက်ကြီးရွယ်အိုဦးရေ (၈%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ (၇၆%)ရှိပါသည်။ ကျေးရွာအိမ်ထောင်စုအားလုံးမှာ ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ဆောင်မှုအနေဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၈၈%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ (၁%)၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (၃%)၊ လက်သမား/ပန်းရံလုပ်ငန်းလုပ်ကိုင်သူ (၄%)၊ နေ့စား/ကျပန်းလုပ်ကိုင်သူ (၂%)နှင့် နိုင်ငံခြားကုမ္ပဏီတွင်လုပ်ကိုင်သူ (၂%)ရှိပါသည်။ အဓိကလုပ်ငန်းများအပြင် တစ်ဖက် တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် အထည်ချုပ်စက်ရုံ၊ ရေသန့်စက်ရုံနှင့် နိုင်ငံခြားကုမ္ပဏီများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် နေ့စား/လစားအဖြစ် လည်းကောင်း၊ ပညာရေးဌာန/ ကျန်းမာရေးဌာန/ သာသနာရေးဦးစီးဌာန/ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန/ တပ်မတော်ကာကွယ်ရေးပစ္စည်း စက်ရုံစသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများအဖြစ် စက်ချုပ်ခြင်း၊ တောင်း/သက်ကယ် ရက်လုပ်ခြင်း၊ ကိုယ်ပိုင်သုံးဘီးနှင့် ကားများဖြင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြပါသည်။

ကျပန်း/နေ့စားလုပ်သားများ ဝင်ငွေ ရရှိမှုအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများမှ ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် ပုံမှန်အားဖြင့် အမျိုးသားတစ်ဦးလျှင်(၂၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၁၀၀၀ိ/-)နှုန်းဖြင့် အငှားခေါ်၍ လုပ်ငန်းဆောင်ရွက်ကြရ သည်။ အရေးတကြီးရိတ်သိမ်းရမည်ဆိုပါက အမျိုးသမီးများကို (၂၀၀၀ိ/-)နှုန်းဖြင့် အလုပ်ချိန်(၂)ချိန်ခေါ်၍ ဆောင်ရွက်ကြရသည်။ ဆောက်လုပ်ရေး/ ပန်းရံလုပ်ငန်းများတွင်

အမျိုးသားလုပ်သားများသာ ခေါ်ယူပြီး အရေးကြီးလျှင် တစ်နေ့လျှင်(၈၀၀၀/-)နှုန်း၊ ပုံမှန် တစ်နေ့လျှင် (၅၀၀၀/-)နှုန်းဖြင့် ခေါ်ယူဆောင်ရွက်ကြပါသည်။ ရန်ကုန်မြို့ရှိ အထည်ချုပ် စက်ရုံများတွင် သွားရောက်အလုပ်လုပ်ကြသော အမျိုးသမီးများ၏ နေ့တွက်ရငွေမှာ တစ်နေ့ လျှင် အနည်းဆုံး (၅၀၀၀)ကျပ်နှုန်းနှင့် ကျွမ်းကျင်ဝန်ထမ်းများအတွက် တစ်နေ့လျှင် (၇၀၀၀)ကျပ်နှုန်း ရရှိကြပါသည်။

## (ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ

တောင်သူအများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေကော ပိုင်ဆိုင် မှု အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်း ပိုင်ဆိုင်မှုအခြေအနေ၊ အခြား စက်ပစ္စည်း ပိုင်ဆိုင်မှုအခြေအနေတို့ အပေါ်မူတည်၍ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စု(၂၁)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၇၂)စု၊ မပြေလည် သော အိမ်ထောင်စု (၅၈)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၁၀)စုရှိသဖြင့် ကျေးရွာ နေ အိမ်ထောင်စု၏ (၄၂%)ခန့်မှာ စားဝတ်နေရေးနှင့် စီးပွားရေး အဆင်မပြေမှုများ ကြုံတွေ့ နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုများအနက် ထိခိုက်လွယ်သော အိမ်ထောင်စု များအဖြစ် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၃)စု၊ ဆင်းရဲ၍ မိသားစုဦးရေများသော မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စု(၂)စု၊ အခြား မြေယာမဲ့ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများဖြစ်ပြီး ၎င်းတို့ သည် စာနပ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံးကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

ကျပန်း/နေ့စား လုပ်ကိုင်ကြသည့် အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် အချိန်များတွင် နေ့စားလိုက်ရသဖြင့် ဝင်ငွေရရှိကြသော်လည်း စိုက်ပျိုး

ချိန်မဟုတ်သော နွေရာသီကာလများတွင် ဝင်ငွေအနည်းငယ်သာ ဝင်သဖြင့် စားဝတ်နေရေး ကြပ်တည်းမှု ကြုံတွေ့ကြရပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု စုစုပေါင်း (၆၈)စု ရှိသည့်အနက် အိမ်ထောင်စု(၁၅)စုခန့်မှာ ဝင်ငွေနည်းပါး သော ကာလများတွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်း နှင့် လုပ်အားခကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အဟာရ**

ကျေးရွာတွင်း ရောဂါဖြစ်ပွားမှုများနေဖြင့် ကလေးငယ်တစ်ဦး သွေးလွန်တုတ်ကွေး ရောဂါ ဖြစ်ပွားခဲ့ဖူးသော်လည်း စနစ်တကျဆေးကုသမှု ခံယူခဲ့သည့်အတွက် ပြန်လည် ကောင်းမွန်လာခဲ့ပါသည်။ လူကြီးအချို့တွင် တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ တို့ ဖြစ်ပွားကြပါသည်။ ဆင်းရဲချို့တဲ့သော မိသားစုအချို့တွင် အဟာရချို့တဲ့မှု ကြုံတွေ့နေ ကြရပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဝက်သက်ရောဂါ ကာကွယ်ဆေး၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ် ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပါသည်။

တောကျောင်းကျေးရွာမှ (၁)မိုင်ခန့် ကွာဝေးသော ရေဘွက်ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း(၁)ဦး ရှိသော်လည်း အခန်း/ကုတင် လုံလောက်မှု မရှိခြင်း၊ ကျေးရွာ(သို့မဟုတ်) ကျေးရွာအနီးတွင်လည်း ဆေးဆိုင်မရှိခြင်း တို့ကြောင့် ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပွားပါက ကျေးရွာမှ (၁၃)မိုင်ခန့် ကွာဝေးသော

သရက်မြို့ရှိ ခရိုင်ဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှု ခံယူကြရသဖြင့် တောကျောင်း ကျေးရွာတွင် ဆေးပေးခန်းနှင့် ကျန်းမာရေးဆရာ/မ ချထားပေးမည်ဆိုပါက ကျေးရွာနေ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုတွင် များစွာထောက်အကူ ဖြစ်မည်ဖြစ်ပါသည်။

ကျေးရွာနေ အိမ်ထောင်စု အများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့်အားလျော်စွာ သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲသူ အိမ်ထောင်စု (၁၂၉)စုရှိပြီး တွင်းရှိ အိမ်သာသုံးစွဲသူ (၂၇)စုနှင့် အိမ်သာမရှိ အိမ်ထောင်စု (၅)သာ ရှိပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင် နေထိုင်သူလူဦးရေစုစုပေါင်း (၅၇၈)ဦးရှိသည့်အနက် စာမတတ်သူ (၃%)၊ မူလတန်းအဆင့် တတ်မြောက်သူ (၆၉%)၊ အလယ်တန်းအဆင့် တတ်မြောက်သူ (၁၆%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၆%)နှင့် တက္ကသိုလ်အဆင့် တတ်မြောက်သူ (၂%)ရှိပြီး ကျန်ရှိသော (၄%)မှာ နို့စို့အရွယ်ကလေးငယ်များနှင့် ၅-နှစ်အောက် ကလေးငယ် များ ဖြစ်ကြပါသည်။ ကျေးရွာ မူလတန်းလွန်ကျောင်းရှိသည့်အတွက် ကျေးရွာနေပြည်သူ အများစုမှာ အနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်သူများ ဖြစ်ကြပါသည်။

တောကျောင်းကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ KGတန်းတွင် သင်ယူနေသူ (၅)ဦး၊ မူလတန်းတွင် (၃၇)ဦး၊ အလယ်တန်းတွင် (၃၆)ဦး အထက်တန်းတွင် (၁၂)ဦးနှင့် တက္ကသိုလ် တက်ရောက်နေသူ (၁)ဦးရှိပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တောကျောင်းကျေးရွာ မူလတန်းလွန်ကျောင်းတွင် မူလတန်း အဆင့် (၄၂)ဦး၊ အလယ်တန်းအဆင့်(၁၇)ဦး၊ တောကျောင်းကျေးရွာ ဘုန်းကြီးကျောင်းပညာရေး တွင် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ (၁၃)ဦး၊ အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူများနှင့် အချို့သော ငွေကြေးတတ်နိုင်သည့် မိသားစုများ၏

သားသမီးများမှာ သရက်မြို့တွင် အိမ်ငှားနေထိုင်၍ အခြေခံပညာ အထက်တန်းကျောင်းတွင် တက်ရောက် ပညာသင်ကြားလျှက်ရှိသည်။

တောကျောင်းကျေးရွာအတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း တည်ရှိပြီး ကျေးရွာတွင်းရှိ ကျောင်းသားကျောင်းသူများမှ ခြေလျင်ဖြစ်စေ၊ စက်ဘီးဖြင့်ဖြစ် သွားရောက် ကျောင်းတက်ကြပါသည်။ ကျောင်းဆောင်မှာ ၆၀'×၃၀'ပေ အကျယ်ရှိ တစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး KGတန်း၊ မူလတန်း၊ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်း ကျောင်းသား/ ကျောင်းသူ စုစုပေါင်း(၅၉)ဦး တက်ရောက် ပညာသင်ယူလျှက်ရှိပါသည်။ မူလတန်းလွန် ကျောင်းဖြစ်သည့် အတွက် မူလတန်း၊ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်းအထိသာ တက်ရောက်ကြ ရပြီး အစိုးရခန့် ဆရာမ (၈)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိသည့်အတွက် တပည့်–ဆရာ အချိုးမှာ ကိုက်ညီမှုရှိပါသည်။

အစိုးရအခြေခံပညာ အလယ်တန်းကျောင်းခွဲ တည်ရှိသော တုတ်ကိုင်းကျေးရွာသည် ကျေးရွာမှ (၃)မိုင်ခန့် ကွာဝေးပြီး ချောင်းကိုဖြတ်၍ သွားရောက်ရသည့်အတွက် မိုးတွင်း ကာလတွင် သွားရေးလာရေး အလွန်ခက်ခဲသဖြင့် ကျေးရွာတွင် သတ္တမတန်းနှင့် အဋ္ဌမတန်းတို့အား ဘုန်းတော်ကြီးသင် ပညာရေးစနစ်ဖြင့် ဖွင့်လှစ်ထားရခြင်း ဖြစ်ပါသည်။ စာသင်ကျောင်းဆောင်အနေဖြင့် ကျေးရွာကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ထား သော ၄၀'×၃၀'ပေ အကျယ်ရှိ ထရံကာ၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျေးရွာမှ ငှားရမ်း ထားသော ဆရာမ(၂)ဦးမှ သင်ကြားလျှက်ရှိပါသည်။

သတ္တမတန်း ကျောင်းသူ ကျောင်းသားများသည် ကျေးရွာတွင်သာ စာမေးပွဲဖြေဆို ကြရသော်လည်း အဋ္ဌမတန်းကျောင်းသား ကျောင်းသူများမှာ သရက်မြို့သို့ သွားရောက်၍ အတန်းတင် စာမေးပွဲဖြေဆိုကြရပါသည်။ မိုးတွင်းကာလတွင် သွားရေးလာရေး အခက်အခဲ များကြောင့် ကျောင်းမတက်နိုင်သဖြင့် ပညာရေးတွင် ထိခိုက်မှုများ ကြုံတွေ့ကြရပါသည်။

ကျေးရွာတွင် ပညာတတ်မြောက်မှုအနေဖြင့် မူလတန်းလွန်ကျောင်း ရှိသည့်အတွက် အနိမ့်ဆုံးအဆင့်အဖြစ် မူလတန်း အောင်မြင်ကြသော်လည်း အလယ်တန်းနှင့် အထက်တန်း အဆင့် ပညာတက်ရောက်ရန်မှာ များစွာ ခက်ခဲလျက်ရှိပါသည်။ ငွေကြေးတတ်နိုင်သော မိသားစုအချို့မှ သားသမီးများသည် သရက်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက် ပညာသင်ယူကြရသော်လည်း ငွေကြေးမတတ်နိုင်သော မိသားစုများမှ ကျောင်းသား/ကျောင်းသူများမှာ သွားရေးလာရေး အခက်အခဲနှင့် ငွေရေးကြေးရေး အခက် အခဲများကြောင့် ဆက်လက်ပညာသင်ယူခွင့် မရကြဘဲ ကျောင်းထွက်ကြရပါသည်။ ကျေးရွာရှိ မူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးမည်ဆိုပါက ကျေးရွာနေ ကျောင်းသားကျောင်းသူများအနေဖြင့် အနိမ့်ဆုံး အလယ်တန်း အဆင့်အထိ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း အခြားသော သာရေး/နာရေး/လူမှုရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ တရားဥပဒေစိုးမိုးသော ဒေသဖြစ်ခြင်း နှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာနေလူထု၏ အသိအမြင် ဗဟုသုတရှိခြင်း တို့ကြောင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် အခြားသောအမှုကိစ္စများ ဖြစ်ပွားမှု မရှိဘဲ အေးချမ်းသာယာသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ကျေးရွာ၏ ကဏ္ဍအသီးသီး၏ လိုအပ်ချက်/ အားနည်းချက် များကို အလွယ်တကူ သိရှိနိုင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် အထောက်အကူပြုစေမည် ဖြစ်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

တောကျောင်းကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ- ဘာသာရေး အသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့၊ ဓမ္မစကူးအဖွဲ့နှင့် ဝတ်အသင်း၊ ပညာရေးကဏ္ဍတွင် မိဘဆရာအသင်း၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် လူငယ်အဖွဲ့နှင့် ဆင်းရဲမှုပပျောက်ရေး

ကော်မတီ တို့ ဖွဲ့စည်းထားရှိပြီး ကျေးရွာသမဝါယမအသင်းနှင့် အရန်မီးသတ်အဖွဲ့တို့လည်း ဖွဲ့စည်းထားရှိပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေလူကြီး/လူငယ်၊ အမျိုးသား/ အမျိုးသမီးများ အစုံအလင် ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်းဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) စိုက်ပျိုးရေးကဏ္ဍ**

တောကျောင်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စုအများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၁၂.၅)ကေအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၃)စု၊ အလယ်အလတ်အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၈၆)စု၊ မြေပိုင်ဆိုင်မှု အနည်းငယ်သာ ရှိသည့် ဆင်းရဲသားတောင်သူ အိမ်ထောင်စု (၄၅)စုနှင့် မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု (၂၇)စု ရှိပါသည်။

တောကျောင်းကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ နှမ်း၊ ဝါ၊ စပါးနှင့် ပဲမျိုးစုံ (ပဲကြီး၊ ကုလားပဲ၊ ပဲစင်းငုံစသည်) တို့ဖြစ်ပြီး ရာသီအလိုက် အလှည့်ကျ စိုက်ပျိုးခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးစသည်တို့ အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ အရင်းအနှီးအဖြစ် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သားအလွယ်တကူ ရရှိနိုင်ခြင်း၊

စိုက်ပျိုးရေး ဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူများအတွက် များစွာအထောက်အကူ ပြုလျှက်ရှိပါသည်။

ပုဂ္ဂလိက စိုက်ပျိုးရေရရှိမှုအနေဖြင့် ကိုယ်ပိုင်လက်ငင်တွင်း (၁)တွင်းမှ ရေသောက် ဧက (၀.၅)ဧက စိုက်ပျိုးလျှက်ရှိပါသည်။ အခြားစိုက်ပျိုးရေ ရရှိမှုအနေဖြင့် ပွန်းချောင်း ဘေးတွင် တည်ရှိသည့် ကျေးရွာ ဖြစ်သော်လည်း အဆိုပါချောင်းသည် ခြောက်သွေ့ရာသီတွင် ရေနည်းခြင်း၊ စိုက်ပျိုးမြေနေရာနှင့် ဝေးကွာခြင်းတို့ကြောင့် စိုက်ပျိုးရေအဖြစ် အသုံးချ နိုင်မှုမရှိဘဲ မိုးကောင်းသောက် စိုက်ပျိုးမှုသာ အဓိကထား၍ ဆောင်ရွက်ကြရပါသည်။ စိုက်ပျိုးရေအတွက် ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်၍ ရေလွှတ်စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး တောင်သူများအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။

စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ရွာပိုင်ရေစုပ်စက် (၁)လုံး၊ ပုဂ္ဂလိက ပိုင် ရေစုပ်စက်(၄)လုံး၊ ပုဂ္ဂလိကပိုင်လယ်ထွန်စက်(၁)စီးနှင့် ပုဂ္ဂလိကပိုင် မြက်ရိတ်စက် (၁)ခုရှိပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စု များအနေဖြင့် မိသားစုလုပ်အားဖြင့်သာ လုပ်ကိုင်ကြပြီး မြေဧက (၅)ဧကမှ (၁၂)ဧကအထက် ပိုင်ဆိုင်သော အိမ်ထောင်စုများမှာလည်း မိသားစုဝင်လုပ်အားဖြင့် သော်လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

သီးနှံစိုက်ပျိုး၊ ထုတ်လုပ်မှုအတွက် အဓိကပြဿနာနှင့် အခက်အခဲများ အနေဖြင့် မိုးခေါင်ခြင်း/ မိုးကြီးခြင်းတို့ ဖြစ်ပေါ်ပါက သီးနှံအထွက်နှုန်းကျဆင်းခြင်း/သီးနှံများ ပျက်စီး ဆုံးရှုံးခြင်းတို့ ကြုံတွေ့ကြရခြင်း၊ စိုက်ပျိုးရေအရင်းအမြစ်အဖြစ် ချောင်းရှိသော်လည်း ခြောက်သွေ့ရာသီတွင် ရေနည်းခြင်း၊ စိုက်ပျိုးမြေများနှင့် အလှမ်းကွာဝေးနေခြင်း၊ သီးနှံ ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ ဈေးကွက်နှင့် ကုန်သွယ်မှုအနေဖြင့် ရွာမှ မြို့သို့သွားလို

ပါက ချောင်းကိုဖြတ်၍ သွားရသဖြင့် ချောင်းရေလျှံနေချိန်တွင် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ကုန်သွယ်ရေးတွင် အခက်အခဲဖြစ်ခြင်းတို့ ကြုံတွေ့ကြရပါသည်။

**(ဂ) မွေးမြူရေးကဏ္ဍ**

တောကျောင်းကျေးရွာဘေးတွင် ချောင်းရှိသော်လည်း ရေနည်းသည့်အတွက် စီးပွား ဖြစ် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အခွင့်အလမ်း မရှိပါ။ ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၂၈)စုရှိပြီး ဝက်အကောင်ရေ (၆၃)ကောင်၊ ကြက်မွေးမြူရေး လုပ်ကိုင်သူ အိမ်ထောင်စု(၁၀၂)စုရှိပြီး ကြက်ကောင်ရေ(၅၉၄)ကောင် မွေးမြူလျှက်ရှိပါသည်။ နွား မွေးမြူရေးအဖြစ် အိမ်ထောင်စုတစ်စုသာ နွားအကောင်ရေ (၈)ကောင် မွေးမြူထားရှိပြီး အခြားအိမ်ထောင်စုများမှာ မွေးမြူရေးအဖြစ် သီးခြားဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ မိမိတို့ စိုက်ပျိုးရေးလုပ်ငန်းအတွက် မွေးမြူကြခြင်းသာ ဖြစ်ပါသည်။

မွေးမြူထားသော တိရစ္ဆာန်များအတွက် စားကျက်မြေအသင့်အတင့် ရှိခြင်း၊ သောက်ရေ/ချိုးရေအတွက် ပွန်းခေျာင်းရှိခြင်း၊ မျိုးကောင်းမျိုးသန့် ဝယ်ယူရရှိနိုင်ခြင်း၊ တိရစ္ဆာန် အစာနှင့် ဆေးများ ဝယ်ယူရရှိနိုင်ခြင်း၊ အရင်းအနှီးအတွက် သမဝါယမဦးစီးဌာနမှ ချေးငွေ ရရှိနိုင်ခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ပေးထားသော တိရစ္ဆာန် ကျန်းမာရေး စေတနာ့ဝန်ထမ်းတစ်ဦးရှိခြင်းတို့သည် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် အထောက်အကူပြုသည့် အခွင့်အလမ်းများ ဖြစ်ပါသည်။

**(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ**

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် ပန်းရံ/လက်သမားလိုက်ခြင်း၊ ကိုယ်ပိုင်စက်ချုပ်ခြင်း၊တောင်းယက်ခြင်း၊ သက်ကယ်ယက်ခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးအဖြစ် လိုင်းကားဆွဲခြင်းနှင့် နေ့စား/ ကျပန်း

များအဖြစ် လုပ်ကိုင်ကြပြီး အခြားအသက်မွေးဝမ်းကျောင်း အတတ်ပညာ တတ်မြောက်မှု အားနည်းလျှက် ရှိပါသည်။

အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ လျှပ်စစ် မီးမရရှိခြင်း၊ ချေးငွေမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်သော လုပ်သား ရှားပါးခြင်း၊ထွက်ကုန်များရောင်းချရန် ဈေးကွက်မကောင်းခြင်းနှင့်ဈေးကွက်ရှိရာ သရက်မြို့ သို့သွားရန် မိုးတွင်းကာလတွင် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲအခဲများ ကြုံတွေ့ကြရပါ သည်။ အသက်မွေးဝမ်းကျောင်းပညာရပ် တတ်မြောက်မှု အားနည်းသဖြင့် အသက်မွေး ဝမ်းကျောင်းသင်တန်းများ လာရောက်ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာနေ ပြည်သူများ၏ မိသားစုဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပြီး စားဝတ်နေရေး ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။

## (င) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု

စိုက်ပျိုးမြေ၏ မြေဆီမြေဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်သဖြင့် အချို့သော မြေကေအနည်းငယ်သာ စိုက်ပျိုးရန် အခက်အခဲရှိပါသည်။ အပင်မျိုးစိတ်များ မှာလည်း ကောင်းမွန်သဖြင့် အခက်အခဲမရှိပါ။ ယခင်နှစ်တွင် တောင်သူအချို့၏ စိုက်ခင်း များတွင် ဖျက်ပိုးနှင့်ရောဂါကျရောက်မှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သဖြင့် အထွက်နှုန်းကျဆင်းခဲ့ပါသည်။ ရေအရင်းအမြစ်အနေဖြင့် မိုးတွင်းကာလတွင်သာ စိုက်ပျိုး ရေရရှိသဖြင့် မိုးခေါင်သောနှစ်များတွင် စိုက်ပျိုးရေလုံလောက်စွာမရရှိပါ။ စိုက်ပျိုးရေရရှိ ရေးအတွက် ဆည်ငယ်ကန်ငယ် တည်ဆောက်ဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးရေး အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် အားနည်းလျှက်ရှိသဖြင့် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများမှ ဦးဆောင်၍ စနစ်တကျ

ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် အရံမီးသတ်အဖွဲ့ ဖွဲ့စည်းထားရှိပြီး ကျေးရွာမှ နေအိမ်များတွင် သဲအိတ်၊ မီးချိတ်၊ မီးကတ်များ ထားရှိထားရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(စ) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ချေးငွေရရှိမှုအနေဖြင့် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ကာလတိုချေးငွေရရှိပြီး (၆)လတစ်ကြိမ် ပြန်လည်ပေးဆပ်ရပြီး အတိုးနှုန်း ၁၀၀ကျပ်လျှင် ၁ကျပ်ပြား၅၀နှုန်း ပေးသွင်းရပါသည်။ ပုံစံ(၇)ရှိသည့် လယ်(၁)ဧကလျှင် ပျမ်းမျှ ချေးငွေကျပ်(၁၆၀၀၀၀)ရရှိပြီး အပေါင်ခံပစ္စည်းပေးရန် မလိုပါ။ စိုက်ပျိုးရေးဘဏ်မှ ချေးငွေ လယ်(၁)ဧကလျှင်(၁၀၀၀၀၀)ကျပ်၊ ယာ(၁)ဧက လျှင် (၅၀၀၀၀)ကျပ်ဖြင့် ချေးယူခွင့်ရရှိပြီး (၁၀၀)ကျပ်လျှင် ပြား(၈၀)နှုန်း အတိုး ပေးသွင်းရပါသည်။

**(ဆ) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် စက်ရေတွင်း(၁)တွင်း၊ ကျေးရွာပိုင်စက် ရေတွင်း(၁)တွင်း၊ ပုဂ္ဂလိကပိုင် လက်ဆွဲတွင်း(၄၀)တွင်းရှိပါသည်။ ကိုယ်ပိုင်ရေတွင်းမရှိသော အိမ်ထောင်စုများသည် နီးစပ်ရာ ရေတွင်းများမှ သောက်သုံးရေ ရယူသုံးစွဲကြရပသည်။ ပွန်းချောင်းရေမှာ လူအများရေချိုးခြင်း၊ တိရစ္ဆာန်များအား ရေချိုးပေးခြင်းတို့ကြောင့် မသန့်ရှင်းသဖြင့် သောက်သုံးမရသောကြောင့် စက်ရေတွင်းတူးဖော်၍ ရေပိုက်လိုင်းသွယ်တန်း ဆောင်ရွက်သွားမည်ဆိုပါက ကျေးရွာနေပြည်သူများအားလုံး သောက်သုံးရေ အလွယ်အကူရယူနိုင်ပြီး တစ်နှစ်ပတ်လုံး ဖူလုံမှုရှိမည် ဖြစ်ပါသည်။

ကျေးရွာအတွင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်စွန့်ပစ်နေရာများ သတ်မှတ်ရန် လိုအပ်လျှက်ရှိပါသည်။

**(ဇ) လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား**

ကျေးရွာနေလူငယ်များမှာ လူမှုရေးလုပ်ငန်းများ၊ ကျေးရွာသာရေး/ နာရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့တွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်အများစုမှာ အနိမ့်ဆုံးအဆင့် မူလတန်းပညာရေးတတ်မြောက်ကြသူများ ဖြစ်သည့်အတွက် အသိပညာဗဟုသုတ ရရှိနိုင်ရန် ကျေးရွာစာကြည့်တိုက်တွင် စာပေလေ့လာဖတ်ရှုကြပါသည်။ သို့သော်လူငယ်များအနေဖြင့် ဘောလုံးကစားခြင်းနှင့်ခြင်းခတ်ခြင်းတို့ ဝါသနာပါသော်လည်း အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန်နှင့် ဘောလုံးကစားရန် အားကစားကွင်း မရှိခြင်းကြောင့် အားကစားလိုက်စားမှု အားနည်းကြပါသည်။ သို့ဖြစ်၍ လူငယ်များအနေဖြင့် အားကစားကွင်း ဆောက်လုပ်ပေးရန် ဆန္ဒပြုလျှက်ရှိကြပြီး အားကစားကွင်းရှိမည်ဆိုပါက ကိုယ်ကာယကျန်းမာကြံ့ခိုင်မှုအတွက် လေ့ကျင့်ခန်းများ ပိုမိုပြုလုပ်လာနိုင်မည် ဖြစ်ပါသည်။

**(ဈ) အခြေခံအဆောက်အဦ လက်လှမ်းမီမှု- လမ်းတံတား၊ ဆိုလာမီးရရှိမှု၊ သတင်းနှင့် ဆက်သွယ်ရေး**

**လမ်းတံတား -** ရွာတွင်းလမ်းမှာ (၁)မိုင်ခန့်ရှည်သော မြေသားလမ်းဖြစ်ပြီး၊ ကျေးရွာချင်းဆက်လမ်းများအနေဖြင့် မိမိတို့ တောကျောင်းရွာမှ သပြေစမ်းရွာသို့ မြေသားလမ်း အရှည် (၃)မိုင်ခန့်၊ ရေဘွက်ရွာသို့ အရှည်ပေ(၁၂၀၀)ခန့်ရှိသော မြေသားလမ်းတို့ဖြင့် ဆက်သွယ်ထားရှိရာ ခြောက်သွေ့ရာသီတွင် သွားလာရလွယ်ကူသော်လည်း မိုးရာသီတွင် သွားလာရန် အလွန်ခက်ခဲပါသည်။

ကျေးရွာဘေးတွင်ရှိသော ပွန်းချောင်းမှာ ချောက်သွေ့ရာသီတွင် ရေနည်းသောကြောင့် လှေ/သမ္ဗာန်များ အသုံးပြုရန် မလိုဘဲ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ပါသည်။ သို့သော် မိုးတွင်းကာလ ချောင်းရေလျှံနေချိန် တွင် ရေများသောကြောင့် သွားလာရန်မလွယ်ကူသဖြင့် ရေကြောင်းမှ ဖြတ်သန်းသွားလာ သယ်ယူပို့ဆောင်ခြင်း မပြုလုပ်နိုင်ပါ။

**ဆိုလာမီးရရှိမှု** – ၂၀၁၅-၂၀၁၆ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် တစ်အိမ်သုံးဆိုလာများ ချထားပေးခဲ့သည့်အတွက် ဘုန်းတော်ကြီးကျောင်း၊ စာကြည့်တိုက်၊ မူလတန်းလွန်ကျောင်းနှင့် ကျေးရွာမှ အိမ်ထောင်စုစာရင်း ပေါက်သည့် အိမ်ထောင်စုများအားလုံး ဆိုလာမီး ရရှိခဲ့ပါသည်။

**သတင်းနှင့် ဆက်သွယ်ရေး –** ကျေးရွာနေအိမ်ထောင်စု၏ (၈၃%)မှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြခြင်း၊ ဆိုလာမီးရရှိသည့်အတွက် တီဗွီနှင့် ဂြိုလ်တုစလောင်းများ ပိုင်ဆိုင်ကြခြင်း တို့ကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ပါသည်။

## (ည) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦအဖြစ် တောကျောင်းကျေးရွာမှ (၁)မိုင်ခန့် ကွာဝေးသော တောမွန်ကျေးရွာတွင် MPT တယ်လီဖုန်း တာဝါတိုင်ရှိသဖြင့် ဆက်သွယ်ရေးကဏ္ဍမှာ အဆင်ပြေလျှက်ရှိပါသည်။ ကျေးရွာအတွင်း အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများနှင့် လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ မရှိသေးပါ။

တရားဥ ပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းသော ကျေးရွာဖြစ်သည့်အတွက် လူကုန် ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုစသည့် မှုခင်းများ မဖြစ်ပွားခဲ့ဖူးပါ။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

တောကျောင်းကျေးရွာနေပြည်သူများ၏ ဆွေးနွေးတင်ပြချက်များနှင့် ကွင်းဆင်းတွေ့ရှိချက်များအပေါ် အခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများကို အောက်တွင် ဖော်ပြထားပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာနေပြည်သူ အများစုမှာ တောင်သူများဖြစ်ပြီး တောင်သူတစ်ဦးလျှင် ပျမ်းမျှအားဖြင့် စိုက်ဧက (၄)ဧကခန့် ပိုင်ဆိုင်ကြပါသည်။ မြေဆီမြေလွှာအတန်အသင့် ကောင်းမွန်ပြီး ဓါတ်မြေဩဇာနှင့် ဆေးများ အလွယ်တကူ ဝယ်ယူရရှိကြသဖြင့် စိုက်ပျိုးသီးနှံထွက်နှုန်းအတန်အသင့်ကောင်းမွန်ပါသည်။ မြို့နှင့်(၁၃)မိုင်ခန့်သာ ကွာဝေးပြီး ကျေးရွာမှ ပုဂ္ဂလိကပိုင်လိုင်းကား (၃)စီး ရှိသဖြင့် မိုးတွင်းချောင်းရေလျှံ ချိန်မှလွဲ၍ သွားရေးလာရေး အဆင်ပြေပြေဖြင့် ကုန်စည်ပို့ဆောင်ရေးနှင့် သီးနှံရောင်းဝယ်ရေးအတွက် ဈေးကွက်ရှိရာ သရက်မြို့သို့ အလွယ်တကူသွားလာနိုင်ပါသည်။ ထို့ကြောင့် အိမ်ထောင်စုအများစုမှာ စားဝတ်နေရေးအတန်သင့် ပြေလည်ကြပါသည်။

ကျေးရွာတွင် မူလတန်းလွန်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း ရှိသဖြင့် ကျေးရွာသူ၊ ကျေးရွာသားအများစုမှာ အနိမ့်ဆုံး မူလတန်းအဆင့်တတ်မြောက်ကြသူများဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျှက်ရှိသောအဖွဲ့အစည်းများနှင့် အနိမ့်ဆုံးမူလတန်းအဆင့် တတ်မြောက်ပြီး တက်ကြွမှုရှိသောလူငယ်များ ရှိသည့်အတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် များစွာအထောက်အကူပြုလျှက်ရှိပါသည်။

**(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ**

တောကျောင်းကျေးရွာဘေးတွင် တည်ရှိသောပွန်းချောင်းသည် ကျေးရွာအတွက် အဓိကရေအရင်းအမြစ်အဖြစ် အထောက်အကူပြုလျှက်ရှိသော်လည်း မိုးတွင်းကာလ ချောင်းရေလျှံချိန်တွင်မူ ကျေးရွာနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်ပို့ဆောင်ရေး၊ လမ်းပမ်းဆက်သွယ်ရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာ အဟန့်အတား ဖြစ်စေလျှက်ရှိပါသည်။

**၆။ ရည်ရွယ်ချက် ပန်းတိုင်နှင့် ဗျူဟာ**

**(က) ရည်ရွယ်ချက်ပန်းတိုင်**

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ တောကျောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေးကို အဟန့်အတားဖြစ်စေသည့် အဓိကအချက်မှာ မိုးတွင်းကာလတွင် ပွန်းချောင်းရေလျှံခြင်းကြောင့် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲနေခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျေးရွာ၏ ဖွံ့ဖြိုးရေးအတွက် အဓိကဆောင်ရွက်ရမည့်ပန်းတိုင်မှာ ချောင်းကူး တံတားတည်ဆောက်နိုင်ရေးပင်ဖြစ်ပါသည်။ ထို့အပြင် တောကျောင်းကျေးရွာနေပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်ကြသည်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ၊ မွေးမြူရေးကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်ပန်းတိုင်(၄)ကို ရေးဆွဲထားပါသည်။

(၁) တစ်နှစ်ပတ်လုံး လမ်းပမ်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကို တဖက်တစ်လမ်းမှ အထောက်အကူပြုစေရမည်။

(၂) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေများ တိုးတက်လာစေရမည်။

(၃) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး လာစေခြင်းနှင့်အတူ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးခြင်းဖြင့် ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေ ရမည်။

(၄) လူငယ်လူရွယ်များ ပညာရည်တတ်မြောက်မှု ပြည့်စုံလာခြင်းနှင့် လူထုတစ်ရပ် လုံး တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စေရမည်။

**(ခ) ဖွံ့ဖြိုးရေးဗျူဟာ**

အထက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကိုအထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများ ကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းပါဝင်ခြင်း ဖြင့် ဖော်ထုတ်ထားပါသည်။

(၁) မိုးတွင်းကာလတွင် ချောင်းရေလျှံခြင်းကြောင့် သွားရေးလာရေး ခက်ခဲသဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍအသီးသီးတို့၏ ဖွံ့ဖြိုးမှု အားနည်းနေသည့်အတွက် တစ်နှစ်ပတ်လုံး လမ်းပမ်းဆက်သွယ်ရေး လွယ်ကူချော မွေ့စွာသွားလာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအသီးသီး၏ဖွံ့ဖြိုးရေးကို တဖက် တစ်လမ်းမှ အထောက်အကူပြုစေရန် ဖြစ်ပါသည်။

(၂) ကျေးရွာတွင် နေထိုင်သည့် ကျောင်းနေအရွယ် ကလေးများ၏ ပညာရည်တိုးတက် မြင့်မားလာစေရေးနှင့် ဘေးကင်းရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်း

ဆောင်သစ်တည်ဆောက်ရန်နှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ရရှိနိုင်ရေး ပညာရေးဌာနသို့ တင်ပြတောင်းခံရန်အတွက် ရပ်မိရပ်ဖများနှင့် မိဘဆရာအသင်းတို့မှ ဦးဆောင်၍ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၃) သန့်ရှင်းသော သောက်သုံးရေ လွယ်ကူလုံလောက်စွာ ရရှိနိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရာတွင် ကျေးရွာလူထုမှစည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၄) ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပွားပါက အဆင်ပြေချောမွေ့စေရန်အတွက် ကျန်းမာရေးဆေးပေးခန်းနှင့် ဝန်ထမ်းချထားပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြတောင်းခံသွားရန် ဖြစ်ပါသည်။

(၅) စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနှင့်ကိုက်ညီသော ဝင်ငွေရသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် စိုက်ပျိုးရေးလုံလောက်စွာ ရရှိနိုင်ရန်အတွက် ဆည်တည်ဆောက်ဆောင်ရွက်သွားရန်၊ ချောင်းရေတိုက်စားခြင်းကြောင့် ကမ်းပါးပေါ်ရှိ စိုက်ပျိုးမြေများ ပြိုကျပျက်စီးဆုံးရှုံးရခြင်းအတွက် မြေထိန်းနံရံ(သို့မဟုတ်) ရေကာတာ တည်ဆောက်သွားရန် ဖြစ်ပါသည်။

(၆) မိသားစုတစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန် အရင်းအနှီးအဖြစ် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ရရှိနိုင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြသွားရန် ဖြစ်ပါသည်။

(၇) လူငယ်များနှင့် အမျိုးသမီးများ၏ အသိပညာဗဟုသုတတိုးတက်လာစေရန်အတွက် ပညာပေးဟောပြောပွဲများကျင်းပရန်နှင့် ကိုယ်ကာယကြံ့ခိုင်မှုအတွက် အားကစားများ

ဆောင်ရွက်နိုင်ရန် အားကစားကွင်း တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

### (က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း (၅)နှစ်တာ ကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးဝါးသောသဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေး စီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို

ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေး အန္တရာယ်၊ အရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များအား ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ (၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း**

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများ အတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်နိုင်ရန် အထောက်အကူပြု ပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလာဒ် ဖြစ်ထွန်းမှုအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍအောက် တွင် (ဥပမာ– စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင် သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) (ဥပမာ – လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ် စရိတ်၊ ငှားရမ်းခ စသည်များ)

(၂) ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) (ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ)

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Building Expenditure) (ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်)

(၄) လူသားခြင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

## (ဂ) ဦးစားပေးစီမံချက်များ

တောကျောင်းကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစား ပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းပမ်း ဆက်သွယ်ရေး** | ချောင်းကူးတံတား တည်ဆောက်ခြင်း | ၆၆ | ၁ | ကြိုးတံတားတည်ဆောက်နိုင်ရေး အတွက်လွှတ်တော်ကိုယ်စားလှယ်ကြီး များ၊ ကျေးလက်လမ်းဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရန် | |
| **ပညာရေး** | အခြေခံပညာ အလယ်တန်း ကျောင်းခွဲအဆင့် တိုးမြှင့်ခြင်း | ၄၉ | ၂ | အခြေခံပညာအလယ်တန်းကျောင်းခွဲ အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဌာနသို့ တင်ပြတောင်းခံရန် | |
| **ပညာရေး** | ပေ(၆၀×၃၀)ရှိ ကျောင်းဆောင်သစ် ထပ်မံတိုးချဲ့ဆော က်လုပ်ခြင်း | ၃၉ | ၃ | ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့ ဆောက်လုပ်နိုင်ရေးအတွက် ပညာရေး ဌာနသို့ တင်ပြတောင်းခံခြင်း၊ကျေးရွာ နေပြည်သူများ၏လုပ်အားထည့်ဝင် ခြင်းတို့ ဆောင်ရွက်ရန် | |
| **သောက်သုံးရေ** | စက်ရေတွင်းတူး ဖော်ခြင်း၊ရေကန် တည်ဆောက်ခြင်း နှင့်ရေပိုက်လိုင်း သွယ်တန်းခြင်း | ၃၆ | ၄ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)ဖြင့် စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလံ(၅၀၀၀)ဆံ့ရေကန် တည်ဆောက်ခြင်းနှင့်ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန် | |

| | | | | | |
|---|---|---|---|---|---|
| **သဘာဝဘေး အန္တရာယ်** | ရေကာတာ တည်ဆောက်ခြင်း | ၂၈ | ၅ | ရေကာတာတည်ဆောက်နိုင်ရေး အတွက်လွှတ်တော်ကိုယ်စားလှယ်ကြီး များနှင့် သက်ဆိုင်ရာဦးစီးဌာနများသို့ တင်ပြ၍ ရန်ပုံငွေတောင်းခံရန် | |
| **ကဏ္ဍ** | **စီမံချက်** | **ရမှတ်** | **ဦးစားပေး အဆင့်** | **စီမံချက်ဖော်ပြချက်** | **မှတ်ချက်** |
| **စိုက်ပျိုးရေး** | ဆည်တည်ဆောက် ခြင်း | ၂၂ | ၆ | စိုက်ပျိုးရေရရှိနိုင်ရေးနှင့် လုံလောက်မှု ရှိစေရန် ဆည်တည်ဆောက်နိုင်ရေး အတွက် ဆည်မြောင်းဦးစီးဌာနသို့ တင်ပြတောင်းခံရန် | |
| **ကျန်းမာရေး** | ကျန်းမာရေး ဆေးပေးခန်းနှင့် ဝန်ထမ်းများချထား ပေးရန် | ၁၆ | ၇ | ကျေးရွာဘေးရှိရေဘွက်ရွာတွင် ဆေးပေးခန်းနှင့် ကျန်းမာရေး ဆရာမ တစ်ဦးသာရှိခြင်း၊ ကျေးရွာတွင်း ကျန်းမာရေး ပြဿနာ ဖြစ်ပွားပါက (၁၅)မိုင်ခန့်ဝေးသည့် သရက်မြို့သို့ သွားရောက်ဆေးကုသမှုခံယူကြရသဖြင့် ကျေးရွာတွင်း ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းချထားပေးနိုင်ရေး ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ တောင်းခံရန် | |
| **စိုက်ပျိုး မွေးမြူရေး မဟုတ်သော လုပ်ငန်းများ** | အသက်မွေး ဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၁၄ | ၈ | အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်မှုအားနည်းသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်မွေး ဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် | |
| **အားကစား** | အားကစားကွင်း တည်ဆောက်ရန် | ၁၀ | ၉ | ကျေးရွာနေ လူငယ်များ ကျန်းမာကြံ့ခိုင် ရေးနှင့် အားကစားပြုလုပ်နိုင်ရန် အတွက်အားကစားကွင်းတည်ဆောက် နိုင်ရေးအတွက် ရပ်မိရပ်ဖများအား တင်ပြ၍ မြေနေရာရှာခြင်းနှင့် ကျေးရွာ | |

| | | | | | |
|---|---|---|---|---|---|
| | | | | နေလူငယ်များ၏ လုပ်အားဖြင့် အားကစားကွင်းတည်ဆောက်ရန် | |
| **အမျိုးသမီး ကဏ္ဍ** | အမျိုးသမီးများ၏ ဗဟုသုတနှင့် စွမ်းဆောင်ရည် မြှင့်တင် ရေး သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ခြင်း | ၈ | ၁၀ | သက်ဆိုင်ရာဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသမီးများ၏ ဗဟုသုတနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် ဟောပြောပွဲများ ကျင်းပရန် | |
| **ကဏ္ဍ** | **စီမံချက်** | **ရမှတ်** | **ဦးစားပေး အဆင့်** | **စီမံချက်ဖော်ပြချက်** | **မှတ်ချက်** |
| **မွေးမြူရေး ကဏ္ဍ၃** | တိရစ္ဆာန်များ ရောဂါပိုးမကျ ရောက်စေရန် ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ကြိုတင် ကာကွယ်မှုများ ဆောင်ရွက်ခြင်း | ၆ | ၁၁ | တိရစ္ဆာန်များ ရောပါပိုးမကျရောက်စေရန် မွေး/ကုဦးစီးဌာနနှင့် ပူးပေါင်း၍ကာကွယ်ဆေးထိုးနှံရန် | |
| **ချေးငွေကဏ္ဍ** | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်အရင်းအနှီး အဖြစ်ချေးငွေချ ထားပေးရန် | ၆ | ၁၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ လုပ်ဆောင်ရန် အရင်းအနှီးအဖြစ် ကျေးလက်ဦးစီးဌာနသို့မြစိမ်းရောင်ချေးငွေ ချထားပေးနိုင်ရေးတင်ပြတောင်းခံရန် | |

## (ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုမှ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံချက်ကာလသတ်မှတ်ရာ၌ ကွင်းဆင်းဆောင်ရွက်ချက်များ အပေါ်အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း | ဦးစားပေးအဆင့် | ကာလ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | |
| ၁ | ချောင်းကူးတံတားတည်ဆောက်ခြင်း | ၁ | | | ✔ | | | |
| ၂ | အခြေခံပညာအလယ်တန်း ကျောင်းခွဲ အဆင့်တိုးမြှင့်ခြင်း | ၂ | | ✔ | | | | |
| ၃ | ပေ(၆၀'×၃၀')ရှိ ကျောင်းဆောင် သစ်ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း | ၃ | | ✔ | | | | |
| ၄ | စက်ရေတွင်းတူးဖော်ခြင်း ရေကန်တည်ဆောက်ခြင်းနှင့်ရေပိုက်လိုင်းသွယ်တန်း ခြင်း | ၄ | ✔ | | | | | |
| ၅ | ရေကာတာတည်ဆောက်ခြင်း | ၅ | | | | | ✔ | |
| ၆ | ဆည်တည်ဆောက်ခြင်း | ၆ | | | | ✔ | | |
| ၇ | ကျန်းမာရေးဆေးပေးခန်းနှင့် ဝန်ထမ်း များချထားပေးရန် | ၇ | | | ✔ | | | |
| ၈ | အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၈ | ✔ | | | | | |
| ၉ | အားကစားကွင်းတည်ဆောက်ရန် | ၉ | | ✔ | | | | |

| စဉ် | စီမံကိန်း | ဦးစားပေးအဆင့် | ကာလ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | |
| ၁၀ | အမျိုးသမီးများ၏ ဗဟုသုတနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ ဟောပြောပွဲများ ကျင်းပရန် | ၁၀ | ✔ | | | | | |
| ၁၁ | တိရစ္ဆာန်များ ရောဂါပိုးမကျရောက်စေရန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ခြင်း | ၁၁ | ✔ | | | | | |
| ၁၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရန် အရင်းအနှီးအဖြစ်ချေးငွေချထားပေးရန် | ၁၂ | | | | ✔ | | |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၄င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ

ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံ၍ နှစ်စဉ်ပြုပြင် ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေး အန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစား ပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်ပါသည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့ အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိနိုင်ရန်လည်းလိုအပ် ပါသည်။

ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ် သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ- လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံကိန်း | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း<br>ငွေလုံးငွေရင်းအသုံးစရိတ်<br>ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
|---|---|---|---|---|---|---|
| ၁ | ချောင်းကူးတံတားတည်ဆောက် ခြင်း | | | ✔ | | |
| ၂ | အခြေခံပညာအလယ်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ခြင်း | | | ✔ | | |
| ၃ | ပေ(၆၀'×၃၀')ရှိ ကျောင်းဆောင်သစ် ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း | | | ✔ | | |
| ၄ | စက်ရေတွင်းတူးဖော်ခြင်း ရေကန် တည်ဆောက်ခြင်းနှင့်ရေပိုက်လိုင်းသွယ်တန်းခြင်း | | | ✔ | | |
| ၅ | ရေကာတာတည်ဆောက်ခြင်း | | | ✔ | | |
| ၆ | ဆည်တည်ဆောက်ခြင်း | | | | | |
| ၇ | ကျန်းမာရေးဆေးပေးခန်းနှင့် ဝန်ထမ်းများချထားပေးရန် | | | ✔ | | |
| ၈ | အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်း | | | | ✔ | |
| ၉ | အားကစားကွင်းတည်ဆောက်ရန် | | | ✔ | | |

| စဉ် | စီမံကိန်း | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း | | |
|---|---|---|---|---|---|---|
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်း |
| | | | | ငွေလုံးငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည် မြှင့်တင်ရေး | စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| ၁၀ | အမျိုးသမီးများ၏ဗဟုသုတ နှင့်စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ ဟောပြောပွဲများ ကျင်းပရန် | | | | ✔ | |
| ၁၁ | တိရစ္ဆာန်များရောဂါပိုးမကျ ရောက်စေရန် ကာကွယ်ဆေး ထိုးနှံခြင်းနှင့် ကြိုတင်ကာကွယ် မှုများဆောင်ရွက် ခြင်း | | | ✔ | | |
| ၁၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား လုပ်ငန်းများဆောင်ရွက်ရန် အရင်း အနှီးအဖြစ်ချေးငွေ ချထားပေးရန် | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေခြင်း၊ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း၊ ရပ်မိရပ်ဖအဖွဲ့က သောက်သုံးရေ လွယ်ကူလုံလောက်စွာ ရရှိစေရန် ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာ အသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ကျေးလက်လမ်းဦးစီး ဌာန၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူပါမည်။ ရပ်မိရပ်ဖ အဖွဲ့မှ

လည်း သောက်သုံးရေလွယ်ကူလုံလောက်စွာ ရရှိရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် ချတ်ဆက်၍ နည်းပညာအကူအညီများ ရယူပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ကြရမည့် ကိစ္စများကိုလည်း တွေ့ကြရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထု အဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးအပ်ထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိရမည်။ ဥပမာအားဖြင့် ရေပေးရေးလုပ်ငန်းအတွက် ရေမီတာတပ်ဆင်၍ရေသုံးစွဲသော ယူနစ်ပေါ်မူတည်၍ အခကြေးငွေကောက်ခံခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ အခကြေးငွေကောက်ခံရန်အတွက် ရေကော်မတီဖွဲ့စည်းထားရှိမည်ဖြစ်ပြီး ရရှိသော အခကြေးငွေများကို ဘဏ်တွင်ကျေးရွာဖွံ့ဖြိုးရေးစာရင်းရှင်ဖွင့်၍ သိမ်းဆည်းထားမည်ဖြစ်ပါသည်။ အဆိုပါငွေများဖြင့် ဒီဇယ်ဆီဝယ်ယူခြင်း၊ စက်ချို့ယွင်းပါက ပြုပြင်ခြင်းနှင့် အခြားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

တောကျောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါသည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါမည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)

- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးရန်ဖြစ်ပါသည်။ ဖိတ်ကြားဖွဲ့စည်းမည့် အဖွဲ့အစည်းများမှာ

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ-မြို့နယ်အတွင်းရှိ NGO အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် ကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

## တောကျောင်းကျေးရွာ၏ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၆ | ၁၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၈ | ၁၈ | ၂၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၇ | ၃၀ | ၄၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၂၉ | ၂၁၂ | ၄၄၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၂၆ | ၄၀ |
| **စုစုပေါင်း** | | **၂၈၂** | **၂၉၆** | **၅၇၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၆၁** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာတွင် အိမ်ထောင်စု (၁၆၁)စု၊ အမျိုးသား (၂၈၂)ဦး၊ အမျိုးသမီး(၂၉၆)ဦးဖြစ်ပြီး လူဦးရေစုစုပေါင်း (၅၇၈)ဦးနေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၄%)မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ (၁၂%)၊ သက်ကြီးရွယ်အိုဦးရေ (၈%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင် သော အရွယ်ရှိ လူဦးရေ (၇၆%)ရှိပါသည်။ ကျေးရွာအိမ်ထောင်စုအားလုံးမှာ ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ပါသည်။

## (ခ)        အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄၂ | ၃၃၀ | ၂ | မြင့် |
| | အလုပ်သမား / ဝန်ထမ်း | | | | နိမ့် |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | နိမ့် |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | | နိမ့် |
| ၄ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၈ | | လတ် |
| ၅ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | ၅ | လတ် |
| ၆ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | နိမ့် |
| ၇ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂ | လတ် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | နိမ့် |
| ၈ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | နိမ့် |
| ၉ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | | နိမ့် |
| ၁၀ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | ၆ | လတ် |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | နိမ့် |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | နိမ့် |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း /ရာသီအလိုက် အလုပ်သမား | ၃ | ၃ | ၁ | |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | နိမ့် |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၃၇ | မြင့် |
| | **စုစုပေါင်း** | **၁၆၁** | **၁၅၂** | **၆၁** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့် ကျေးရွာနေ အိမ်ထောင်စု၏ (၈၈%)မှာ စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ (၁%)၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (၃%)၊ လက်သမား/ ပန်းရံလုပ်ငန်းလုပ်ကိုင်သူ (၄%)၊ နေ့စား/ကျပန်းလုပ်ကိုင်သူ (၂%)နှင့် နိုင်ငံခြားကုမ္ပဏီတွင် လုပ်ကိုင်သူ (၂%)ရှိကြောင်း၊ အဓိကလုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် အထည်ချုပ်စက်ရုံ၊ ရေသန့်စက်ရုံနှင့် နိုင်ငံခြားကုမ္ပဏီများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် နေ့စား/လစားအဖြစ် လည်းကောင်း၊ ပညာရေးဌာန/ ကျန်းမာရေး ဌာန/ သာသနာရေးဦးစီးဌာန/ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန/ တပ်မတော် ကာကွယ်ရေးပစ္စည်း စက်ရုံစသည်တို့တွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများအဖြစ် စက်ချုပ်ခြင်း၊ တောင်း/သက်ကယ် ရက်လုပ်ခြင်း၊ ကိုယ်ပိုင်သုံးဘီးနှင့် ကားများဖြင့် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၀၀၀ |
| ၂ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၈၀၀၀ | – | ၅၀၀၀ | – |
| ၃ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | – | ၅၀၀၀ | – | ၇၀၀၀ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် ပုံမှန်အားဖြင့် အမျိုးသားတစ်ဦးလျှင် (၂၀၀၀/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၁၀၀၀/-)နှုန်းဖြင့် အငှားခေါ်၍ လုပ်ငန်းဆောင်ရွက်ကြရသည်။ အရေးတကြီးရိတ်သိမ်းရမည်ဆိုပါက အမျိုးသမီးများကို (၂၀၀၀/-)နှုန်းဖြင့် အလုပ်ချိန်(၂)ချိန်ခေါ်၍ ဆောင်ရွက်ကြရသည်။ ဆောက်လုပ်ရေး/ပန်းရံလုပ်ငန်းများတွင် အမျိုးသားလုပ်သားများသာ ခေါ်ယူပြီး အရေးကြီးလျှင် တစ်နေ့လျှင်(၈၀၀၀/-)နှုန်း၊ ပုံမှန်တစ်နေ့လျှင် (၅၀၀၀/-)နှုန်း ဖြင့် ခေါ်ယူ ဆောင်ရွက်ကြပါသည်။ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများတွင် သွားရောက်အလုပ်လုပ်ကြသော အမျိုးသမီးများ၏ နေ့တွက်ရငွေမှာ တစ်နေ့လျှင် အနည်းဆုံး (၅၀၀၀)ကျပ်နှုန်းနှင့် ကျွမ်းကျင်ဝန်ထမ်းများအတွက် တစ်နေ့လျှင် (၇၀၀၀) နှုန်းရရှိကြကြောင်း သိရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|
| လယ်မြေ | ၁၃၀ | သင့် |
| ယာမြေ / တောင်ယာမြေ | ၃၃၄.၇၅ | သင့် |
| ဥယျာဉ်ခြံမြေ | ၈ | ကောင်း |
| ကိုင်း/ကျွန်းမြေ | ၆၂ | သင့် |
| **စုစုပေါင်း** | **၅၃၄.၇၅** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၃၀)ဧက၊ ယာမြေ(၃၃၄.၇၅)ဧက၊ ဉ ယျဉ်ခြံမြေ (၈)ဧကနှင့် ကိုင်း (၆၂)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧကပိုင်ဆိုင်မှု (၅၃၄.၇၅)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူအိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှ (၄)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။

## (ဂ-၂) ခဲတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခဲတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခဲတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | မရှိ | အသုံးမပြုနိုင်ပါ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | သင့် | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | နည်း | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာသည် ပွန်းချောင်းဘေးတွင် တည်ရှိသဖြင့် သဲနှင့် ကျောက်စရစ်တို့ အနည်းငယ်ရရှိနိုင်သော်လည်း စီးပွားဖြစ် ရောင်းချနိုင်မှု မရှိကြောင်း၊ နွားစာ/ဝက်စာများအဖြစ် စားကျက်မြေ အသင့်အတင့် ရှိကြောင်း၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပြီး အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| **မြေယာပိုင်ဆိုင်မှု** | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု | မြေမရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| | (၁၀)ကေနှင့် အထက် | (၅)ကေနှင့် အထက် | (၁)ကေနှင့် အထက် | |
| **အိမ်အခြေအနေ** | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခင်း၊ သက်ကယ်မိုး/ သွပ်မိုး |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု** | ပဲခွဲစက်၊ ထွန်စက်၊ | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| **အခြားပိုင်ဆိုင်မှု** | ကား၊ဆိုင်ကယ်၊ ဖုန်း(၂)လုံးနှင့် အထက်၊တီဗွီ၊ စလောင်း၊ ရေဒီယို | ဆိုင်ကယ်၊ဖုန်း(၁) လုံး၊တီဗွီ၊စလောင်း၊ ရေဒီယို | ရေဒီယို | - |
| **အဓိကစီးပွားရေး လုပ်ငန်း** | တောင်သူ၊ သယ်ယူပို့ဆော င်ရေး | တောင်သူ | တောင်သူ၊ ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | **၂၁** | **၇၂** | **၅၈** | **၁၀** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဉ စ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၂၁)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၇၂)စု၊ မပြေလည်သော အိမ်ထောင်စု (၅၈)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၁၀)စု ရှိကြောင်း တွေ့ရှိရပါသည်။ ဉ စ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာသည် တောင်သူအများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေဧက ပိုင်ဆိုင်မှုအခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဆိုင်သော စက်ပစ္စည်း ပိုင်ဆိုင်မှုအခြေအနေ၊ အခြားစက်ပစ္စည်းပိုင်ဆိုင်မှု အခြေအနေတို့အပေါ်မူတည်၍ အဆင့် သတ်မှတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (င)  ထိခိုက်လွယ်မှု

### (င-၁)  ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၅ | ချေးယူ = အိမ်ထောင်စု( ၁၅)စု<br>လုပ်အားခကြိုယူ = အိမ်ထောင်စု (၁၅)စု |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျပန်း/နေ့စား လုပ်ကိုင်ကြသည့် အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည့် အချိန်များတွင် နေ့စားလိုက်ရသဖြင့် ဝင်ငွေရရှိကြသော်လည်း စိုက်ပျိုးချိန်မဟုတ်သော နွေရာသီကာလများတွင် ဝင်ငွေအနည်းငယ်သာ ဝင်သဖြင့် စားဝတ်နေရေးကြပ်တည်းမှု ကြုံတွေ့ကြရပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု စုစုပေါင်း (၆၈)စု ရှိသည့်အနက် အိမ်ထောင်စု(၁၅)စုခန့်မှာ ဝင်ငွေနည်းပါးသော ကာလများတွင် ဆွေမျိုး/ မိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်းနှင့် လုပ်အားခကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်းကြရကြောင်း သိရှိရပါသည်။

### (င-၂)  ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | ၂ | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ထိခိုက်လွယ်သော အိမ်ထောင်စုများအဖြစ် ဆင်းရဲ၍ မိသားစုဦးရေများသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၃)စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသော မုဆိုးဖိုဦးဆောင်သည့် အိမ်ထောင်စု(၂)စု သာရှိကြောင်း တွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နိမ့် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် |
| ၃ | ရေကြီးခြင်း | နိမ့် |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှော် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအား လေ့လာရာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၅)စုခန့်သည် စားနပ်ရိက္ခာ မဖူလုံမှုအနေဖြင့် တစ်နှစ်လျှင် ၃-လခန့် ကြုံတွေ့ရကြောင်း၊ စိုက်ပျိုးရေရရှိမှုအနေဖြင့် ပွန်းချောင်းနှင့် လယ်ကွင်း အလှမ်းကွာဝေးခြင်းနှင့် လယ်ကွင်းများအနီးတွင် ရေအရင်းအမြစ်မရှိခြင်းတို့ကြောင့် မိုးတွင်းကာလ တွင်သာ စိုက်ပျိုးရေဖူလုံမှုရှိပြီး အခြားကာလများတွင် စိုက်ပျိုးရေ မလုံလောက်မှုများ ကြုံတွေ့ကြ ရကြောင်း၊ မိုးတွင်းကာလတွင်လည်း ချောင်းရေလျှံမှုကြောင့် ကမ်းပါးအနီးရှိ လယ်ကွင်းများ ပျက်စီးခြင်းနှင့် ကမ်းပါးပြိုခြင်းများ ကြုံတွေ့ကြရကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးအနေဖြင့် တီဘီရောဂါဖြစ်ပွားသူ အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု လည်း အနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ လမ်းပမ်းဆက်သွယ်ရေးအနေဖြင့် ရွာမှ မြို့နှင့် အခြားရွာများသို့ သွားလိုပါက ရွာဘေးရှိ ပွန်းချောင်းကိုဖြတ်၍ သွားရခြင်းကြောင့် မိုးတွင်းကာလ တွင် လမ်းပမ်းဆက်သွယ်ရေး အလွန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | နိမ့် |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ |
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | လတ် |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | ဆေးစွဲသူများ | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာတွင် နေထိုင်သူများအနက် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများမှာ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စု၊ မြေယာမဲ့ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများဖြစ်ပြီး ၄င်းတို့သည် စာနပ်ရိက္ခာ မဖူလုံမှုနှင့် ကြွေးမြီတင်ရှိမှု အများဆုံး ကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ဘာသာရေး အုပ်စု | ၂၀ | - | ၂၀ | ဘာသာရေး သာရေး/နာရေး | ကောင်း |
| ၂ | ဝတ်အသင်း | ဘာသာရေး အုပ်စု | ၁၂ | ၃၀ | ၄၂ | ဘာသာရေး | ကောင်း |
| ၃ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၅၀ | ၅၀ | ၁၀၀ | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး | သင့် |
| ၄ | အရန်မီးသတ် အဖွဲ့ | လူမှုရေးအဖွဲ့ | ၅ | - | ၅ | လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၅ | ဆင်းရဲမှု ပပျောက်ရေး | လူမှုရေးအဖွဲ့ | ၂၅ | ၂၅ | ၅၀ | ငွေကြေး ၊ လူမှုဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေး | ကောင်း |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | ကော်မတီ | | | | | | |
| ၆ | သမအဖွဲ့ | စီးပွားရေးအခြေခံသောအုပ်စု | ၅ | ၅ | ၁၀ | ငွေကြေး စိုက်ပျိုးမွေးမြူရေး | ကောင်း |
| ၇ | မိဘဆရာအသင်း | လူမှုရေးအဖွဲ့ | ၇ | ၂ | ၉ | ပညာရေး၊ ငွေကြေး | ကောင်း |
| ၈ | ဓမ္မစကူးအသင်း | ဘာသာရေးအုပ်စု | ၄ | ၄ | ၈ | ဘာသာရေး | ကောင်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့၊ ဓမ္မစကူးအဖွဲ့နှင့် ဝတ်အသင်း၊ ပညာရေးကဏ္ဍတွင် မိဘဆရာအသင်း၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် လူငယ်အဖွဲ့နှင့် ဆင်းရဲမှုပပျောက်ရေးကော်မတီ တို့ ဖွဲ့စည်းထားရှိပြီး ကျေးရွာသမဝါယမအသင်းနှင့် အရန်မီးသတ်အဖွဲ့တို့လည်း ဖွဲ့စည်းထား ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါအဖွဲ့အစည်းများတွင် ကျေးရွာနေ လူကြီး/လူငယ်၊ အမျိုးသား/ အမျိုးသမီးများ အစုံအလင် ပူးပေါင်းပါဝင်မှုရှိအောင် ဖွဲ့စည်းဆောင်ရွက်ထားကြောင်း တွေ့ရှိရ ပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

တောကျောင်းကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၄၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၄၃ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၄၃ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | ၃ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၆၁** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေ (၁၂.၅)ကေအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၃)စု၊ အလယ်အလတ် အဆင့်ရှိ စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၈၆)စု၊ မြေပိုင်ဆိုင်မှု အနည်းငယ်သာ ရှိသည့် ဆင်းရဲသားတောင်သူ အိမ်ထောင်စု (၄၅)စုနှင့် မြေယာမဲ့လက်လုပ်လက်စား အိမ်ထောင်စု (၂၇)စု ရှိကြောင်း တွေ့ရှိရပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** | **လုံလောက်မှု (ရှိ/မရှိ)** |
| ၁ | လက်ငင် ရေတွင်း | ၀.၅ | တစ်နှစ်ပတ်လုံး | ရှိ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ပုဂ္ဂလိကပိုင် လက်ငင်တွင်း (၁)တွင်းရှိပြီး ရေသောက်ကေ (၀.၅)ကေ စိုက်ပျိုးနိုင်ကြောင်း၊ အခြားစိုက်ပျိုးရေရရှိမှုအနေဖြင့် ပွန်းချောင်းဘေးတွင် တည်ရှိသည့် ကျေးရွာ ဖြစ်သော်လည်း အဆိုပါချောင်းသည် ခြောက်သွေ့ရာသီတွင် ရေနည်းခြင်း၊ စိုက်ပျိုးမြေနေရာနှင့် ဝေးကွာခြင်းတို့ကြောင့် စိုက်ပျိုးရေအဖြစ် အသုံးချနိုင်မှုမရှိဘဲ မိုးကောင်းသောက် စိုက်ပျိုးမှုသာ အဓိကထား၍ ဆောင်ရွက်ကြရကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေအတွက် ဆည်ငယ်၊ ကန်ငယ် များ တည်ဆောက်၍ ရေလွှတ်စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းများ ပိုမိုတိုးတက် လာမည်ဖြစ်ပြီး တောင်သူများအတွက် များစွာအထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက် ကေ | တစ်ကေ အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ် ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| နှမ်း | ၂၀၀ | တင်း | ၅ | ၇ | ၆ | နယုန် | တော်သလင်း | လတ် | လတ် |
| ပဲမျိုးစုံ | ၃၅၀ | တင်း | ၁၀ | ၂၀ | ၁၅ | တော်သလင်း | တပေါင်း | လတ် | လတ် |
| စပါး | ၄၀၀ | တင်း | ၅၀ | ၇၀ | ၆၀ | ဝါဆို | နတ်တော် | လတ် | လတ် |
| ဝါ | ၅၀ | ပိဿာ | ၃၀၀ | ၅၀၀ | ၄၀၀ | ဝါခေါင် | ပြာသို | လတ် | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံများမှာ နှမ်း၊ ဝါ၊ စပါးနှင့် ပဲမျိုးစုံ (ပဲကြီး၊ ကုလားပဲ၊ ပဲစင်းငုံစသည်) တို့ဖြစ်ပြီး ရာသီအလိုက် အလှည့်ကျ စိုက်ပျိုးခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မျိုးကောင်းမျိုးစေ့၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေး စသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁ | - | - | ၈၈ |
| လက်တွန်းထွန်စက် | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - |
| ရေစုပ်စက် | ၄ | ၁ | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၁ | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ရွာပိုင်ရေစုပ်စက် (၁)စက်၊ ပုဂ္ဂလိကပိုင် ရေစုပ်စက် (၄)စက်၊ ပုဂ္ဂလိကပိုင်လယ်ထွန်စက်(၁)စက် နှင့် ပုဂ္ဂလိကပိုင် မြက်ရိတ်စက် (၁)စက် ရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမြေဧက အနည်းငယ်သာပိုင်ဆိုင်သော အိမ်ထောင်စုများအနေဖြင့် မိသားစုလုပ်အားဖြင့်သာ လုပ်ကိုင်ကြပြီး မြေဧက (၅)ဧကမှ (၁၂)ဧက အထက် ပိုင်ဆိုင်သော အိမ်ထောင်စုများမှာလည်း မိသားစုဝင်လုပ်အားဖြင့်သော်လည်းကောင်း၊ လိုအပ်ပါက ထွန်စက်ငှား၍သော်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

### (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | သင့်တင့်မျှတ |
| လယ်ယာမြေ အသုံးချနိုင်မှု | ကောင်း |
| စိုက်ပျိုးရေ အရင်းအမြစ် | အသင့်အတင့်ရှိ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ရသည် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| လုပ်သားရရှိနိုင်မှု | ရနိုင်သည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရနိုင်သည် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို ရောင်းချနိုင်သည် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာ၏ သဘာဝရေမြေရာသီဉတုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဉတုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေ ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့် အခြားပိုးသတ်ဆေး၊ ဓါတ်မြေသြဇာ စသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီးအဖြစ် သမဝါယမ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သားအလွယ်တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူများအတွက် များစွာ အထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | ရာသီဥတုမမှန် |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် |
| လုပ်သားရရှိနိုင်မှု | မဖြေဆိုပါ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | မဖြေဆိုပါ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | မဖြေဆိုပါ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | အနည်းငယ် |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သီးနှံစိုက်ပျိုး၊ ထုတ်လုပ်မှုအတွက် အဓိကပြဿနာနှင့် အခက်အခဲများ အနေဖြင့် မိုးခေါင်ခြင်း/ မိုးကြီးခြင်းတို့ ဖြစ်ပေါ်ပါက သီးနှံအထွက်နှုန်းကျဆင်းခြင်း/ သီးနှံများ ပျက်စီးဆုံးရှုံးခြင်းတို့ ကြုံတွေ့ကြရခြင်း၊ စိုက်ပျိုးရေအရင်းအမြစ်အဖြစ် ချောင်းရှိသော်လည်း ခြောက်သွေ့ရာသီတွင် ရေနည်းခြင်း၊ စိုက်ပျိုးမြေများနှင့် အလှမ်းကွာဝေးနေခြင်း၊ သီးနှံဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ ဈေးကွက်နှင့် ကုန်သွယ်မှုအနေဖြင့် ရွာမှ မြို့သို့သွားလိုပါက ချောင်းကိုဖြတ်၍ သွားရသဖြင့် ချောင်းရေလျှံနေချိန်တွင် လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ကုန်သွယ်ရေး တွင် အခက်အခဲဖြစ်ခြင်းတို့ ကြုံတွေ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၉၁ | ၃၅၀ |
| နို့စားနွား | – | – |
| ကျွဲ | – | – |
| မြင်း | – | – |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | – | – |
| သိုး | – | – |
| ဝက် | ၂၈ | ၆၃ |
| ကြက် | ၁၀၂ | ၅၉၄ |
| ဘဲ | ၁ | ၁ |
| နွားနောက် | – | – |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ မရှိပါ။ ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၂၈)စုရှိပြီး ဝက်အကောင်ရေ (၆၃)ကောင်၊ ကြက်မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု (၁၀၂)စုရှိပြီး ကြက်ကောင်ရေ (၅၉၄)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။ နွားမွေးမြူရေးအဖြစ် အိမ်ထောင်စုတစ်စုသာ နွားအကောင်ရေ (၈)ကောင် မွေးမြူထားရှိပြီး အခြားအိမ်ထောင်စုများမှာ မွေးမြူရေးအဖြစ် သီးခြားဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ မိမိတို့စိုက်ပျိုးရေးလုပ်ငန်းအတွက် မွေးမြူထားကြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်  အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | အသင့်အတင့်ရရှိနိုင်ပါသည်။ |
| ရေရရှိမှု | အသင့်အတင့်ရနိုင်ပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်ပါသည်။ |
| ချေးငွေ | ချေးငွေ အသင့်အတင့်ရနိုင်ပါသည်။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ ဝယ်ယူနိုင်သည် ။ |
| ဝန်ဆောင်မှု နှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို ရောင်းချနိုင်ပါသည် ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အသင့်အတင့်ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူထားသော တိရစ္ဆာန်များအတွက် စားကျက်မြေအသင့်အတင့်ရှိခြင်း၊ သောက်ရေ/ချိုးရေအတွက် ပွန်းခေျာင်းရှိခြင်း၊ မျိုးကောင်းမျိုးသန့် ဝယ်ယူရရှိနိုင်ခြင်း၊ တိရစ္ဆာန်အစာနှင့် ဆေးများ ဝယ်ယူရရှိနိုင်ခြင်း၊ အရင်းအနှီးအတွက် သမဝါယမဦးစီးဌာနမှ ချေးငွေ ရရှိနိုင်ခြင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ပေးထားသော တိရစ္ဆာန်ကျန်းမာရေး စေတနာ့ဝန်ထမ်းတစ်ဦးရှိခြင်းတို့သည် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် အထောက်အကူပြုသည့် အခွင့်အလမ်းများ ဖြစ်ပါသည်။

## (၃) မွေးမြူရေး တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | မဖြေဆိုပါ |
| ရေရရှိမှု | မဖြေဆိုပါ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မဖြေဆိုပါ |
| ချေးငွေ | ချေးငွေလွယ်ကူစွာ မရနိုင်ပါ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | မဖြေဆိုပါ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | မဖြေဆိုပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | မဖြေဆိုပါ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မဖြေဆိုပါ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးလုပ်ငန်းတိုးတက်စေရန် ပြဿနာနှင့် စိန်ခေါ်မှုများအဖြစ် တိရစ္ဆာန်များအတွက် စားကျက်မြေ အတန်အသင့်သာရှိခြင်းနှင့် မွေးမြူရေးခြံအဖြစ် ထားရှိမည့် မြေနေရာကျယ်ကျယ်ဝန်းဝန်းမရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တာဝန်ပေးထားသော တိရစ္ဆာန်ကျန်းမာရေး စေတနာ့ဝန်ထမ်းတစ်ဦးရှိသော်လည်း တိရစ္ဆာန်များ နေမကောင်းဖြစ်ပါက သွားရောက်ဆေးကုသမှုခံယူမှု အားနည်းခြင်း၊ ကူးစက်ရောဂါ ကြိုတင်ကာကွယ်မှု အားနည်းခြင်း တို့ လေ့လာတွေ့ရှိရပါသည်။

### (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | အသင့်အတင့် |
| လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက် အသင့်အတင့် |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | အသင့်အတင့် နားလည်သည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | သင့် |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | သင့် |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | မဖြေဆိုပါ |
| ချေးငွေ ရရှိနိုင်ခြင်း | မဖြေဆိုပါ |
| အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | မဖြေဆိုပါ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | အသင့်အတင့် |
| အလုပ်အကိုင် အခွင့်အလမ်း | အသင့်အတင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် ပန်းရံ/ လက်သမားလိုက်ခြင်း၊ ကိုယ်ပိုင်စက်ချုပ်ခြင်း၊ တောင်းယက်ခြင်း၊ သက်ကယ်ယက်ခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးအဖြစ် လိုင်းကားဆွဲခြင်းနှင့် နေ့စား/ ကျပန်းများအဖြစ် လုပ်ကိုင်ကြပြီး အခြားအသက်မွေးဝမ်းကျောင်း အတတ်ပညာတတ်မြောက်မှု အားနည်းသည်ကို တွေ့ရှိရပါသည်။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | မဖြေဆိုပါ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည် |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | လုံး၀ မရပါ |
| ချေးငွေ ရရှိနိုင်ခြင်း | ချေးငွေမရပါ |
| အသက်မွေး၀မ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၀န်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ၀န်ဆောင်မှုများ အလွယ်တကူ မရပါ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ် သော (သို့မဟုတ်) အသက်မွေး ၀မ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ၀င်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အခြားအသက်မွေး၀မ်းလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ လျှပ်စစ်မီးမရရှိခြင်း၊ ချေးငွေမရရှိခြင်း၊ အသက်မွေး၀မ်းကျောင်းပညာ တတ်မြောက်မှု အားနည်းခြင်းနှင့် လုပ်သားရှားပါးခြင်း၊ ထွက်ကုန်များရောင်းချရန် ဈေးကွက် မကောင်းခြင်းနှင့် ဈေးကွက်ရှိရာ သရက်မြို့သို့သွားရန် မိုးတွင်းကာလတွင် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ လေ့လာတွေ့ရှိရပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

## (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေ အတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလာ နေထိုင်သူ" တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | ၅၇-စု | ၁၁ | ၉ | ၂၀ | ၄၃ | ၁ | ၄၄ | ၅၄ | ၁၀ | ၆၄ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | - | - | - | ၆ | - | ၆ | ၆ | - | ၆ |
| | ၆ လ အထိ | | ၁ | ၁ | ၂ | ၂ | - | ၂ | ၃ | ၁ | ၄ |
| | ၁၂ လ အထိ | | ၃ | ၃ | ၆ | ၄ | - | ၄ | ၇ | ၃ | ၁၀ |
| | ၁၂ လ အထက် | | ၇ | ၅ | ၁၂ | ၃၁ | ၁ | ၃၂ | ၃၈ | ၆ | ၄၄ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာမှ လှိုင်ကော်မြို့၊ ထားဝယ်မြို့၊ ရန်ကုန်မြို့၊ သရက်မြို့နှင့် အခြားမြို့များသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော ဝန်ထမ်းများ၊ ပန်းရံလုပ်သားများ၊ အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်သူ စုစုပေါင်း (၂၀)ရှိကြောင်း၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်သူ အမျိုးသား(၄၃)ဦးနှင့် အမျိုးသမီး(၁)ဦး၊ စုစုပေါင်း (၄၄)ဦးရှိကြောင်း၊ ကျေးရွာတွင်းရှိ အိမ်ထောင်စု (၅၇)စုမှ ရွှေ့ပြောင်းသွားလာနေထိုင်သူဦးရေ စုစုပေါင်း(၆၄)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၆၄ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ မိမိတို့ကျေးရွာမှ ပြည်တွင်းရှိ အခြားမြို့များ၊ ထိုင်းနိုင်ငံနှင့် မလေးရှား နိုင်ငံတို့သို့ ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းရင်းမှာ မိသားစုစားဝတ်နေရေး မပြေလည်ခြင်း၊ စိုက်ပျိုးရေးတွင် ရာသီဥတုမကောင်းခြင်း/ ပိုးကျခြင်းတို့ကြောင်း အထွက်နှုန်းကျသဖြင့် ဝင်ငွေရရှိမှု နည်းပါးခြင်း၊ အခြားလုပ်ငန်းများမှ အခကြေးငွေရရှိမှုနည်းပါးခြင်းတို့ ကြုံတွေ့ကြရသည့်အတွက် မိသားစုဝင်ငွေ ပိုမိုရရှိစေရန်အတွက် အခြားမြို့များနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(ဂ-၃)ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ**

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၅၇ | ၇ | ၂၉ | ၂၁ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | – | ☒ | | |
| | - ခ။ ဘဏ် | ၅၇ | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | – | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | – | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | – | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အခြားမြို့များနှင့် နိုင်ငံရပ်ခြားတို့တွင် အလုပ်လုပ်ကိုင်နေသူများသည် မိမိတို့ မိသားစုထံသို့ အဓိကအားဖြင့် ဘဏ်မှတစ်ဆင့် ငွေလွှဲပေးပို့ကြပြီး လစဉ်(သို့)၂–လတစ်ကြိမ် ပြန်လည်ပေးပို့နိုင်သူမှာ (၇)ဦးခန့်သာရှိပြီး အများစုမှာ (၃)လတစ်ကြိမ်(သို့မဟုတ်) အဆင်ပြေသည့် အချိန်မှသာ ပြန်လည်ပေးပို့နိုင်ကြောင်း သိရှိရပါသည်။

## (ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** | **အကြီးစားဈေးကွက်** |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | သရက်မြို့ဈေး | သရက်မြို့မဈေး |
| ရွာမှအကွာအဝေး (မိုင်) | ၁၃-မိုင် | ၁၄ မိုင် |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ဆိုင်ကယ်၊ ကား/ထော်လာဂျီ ၊ သုံးဘီးဆိုင်ကယ် | ဆိုင်ကယ်၊ ကား/ထော်လာဂျီ ၊ သုံးဘီးဆိုင်ကယ် |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု | စားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ၊ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ၊ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ |
| ဈေးအခြေခံအဆောက်အဦ | သင့် | သင့် |
| ဝန်ဆောင်မှု | သင့် | သင့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းရွာမှ ထွက်သောနှမ်း/စပါး/ပဲမျိုးစုံ/ဝါစသော စိုက်ပျိုးသီးနှံများ၊ ဝက်/ကြက်စသော မွေးမြူရေးအကောင်များ၊ သက်ကယ်/တောင်း စသော လက်မှုထွက်ကုန်များအား အဓိကအားဖြင့် ရွာနှင့် (၁၅)မိုင်ခန့် ကွာဝေးသည့် သရက်မြို့မဈေးသို့ ကား(သို့မဟုတ်) ဆိုင်ကယ်ဖြင့် သွားရောက်၍ ရောင်းချကြကြောင်း၊ မိသားစု မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ အဝတ်အထည်၊ ပရိဘောဂပစ္စည်းစသည့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူလိုပါကလည်း အဆိုပါ သရက်မြို့မဈေးမှ ဝယ်ယူကြကြောင်း သိရှိရပါသည်။

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ | ၆လမှ တစ်နှစ်ထိ | ၀ မှ ၂ % | မလိုအပ်ပါ | နည်းသည် |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ | ၆လမှ တစ်နှစ်ထိ | ၀ မှ ၂ % | မလိုအပ်ပါ | နည်းသည် |
| ငွေချေးပေးသူ | ကာလရှည်ချေးငွေ | တစ်နှစ်နှင့် အထက် | ၅ မှ ၁၀ % | မလိုအပ်ပါ | နည်းသည် |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလရှည်ချေးငွေ | တစ်နှစ်နှင့်အထက် | ၅ မှ ၁၀ % | မလိုအပ်ပါ | နည်းသည် |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ချေးငွေရရှိမှုအနေဖြင့် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ကာလတိုချေးငွေရရှိပြီး (၆)လတစ်ကြိမ် ပြန်လည်ပေးဆပ်ရကြောင်း၊ အတိုးနှုန်း ၁၀၀ကျပ်လျှင် ၁ကျပ်ပြား၅၀နှုန်း ပေးသွင်းရကြောင်း၊ အပေါင်ခံ ပစ္စည်း ပေးရန်မလိုကြောင်း၊ ပုံစံ(၇)ရှိသည့် လယ်(၁)ဧကလျှင် ပျမ်းမျှ ချေးငွေကျပ်(၁၆၀၀၀၀) ရရှိကြောင်း သိရှိရပါသည်။ စိုက်ပျိုးရေး ဘဏ်မှ ချေးငွေ လယ်(၁)ဧကလျှင် (၁၀၀၀၀၀)ကျပ်၊ ယာ(၁)ဧကလျှင် (၅၀၀၀၀)ကျပ်ဖြင့် ချေးယူခွင့် ရရှိကြောင်း၊ (၁၀၀)ကျပ်လျှင် ပြား(၈၀)နှုန်း အတိုးပေးသွင်းရကြောင်း သိရှိရပါသည်။

(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| **အခက်အခဲ** | **အန္တရာယ်ရှိမှု** |
|---|---|
| မြေဆီဩဇာ အခြေအနေ | နိမ့် |
| အပင်မျိုးစိတ်များ | နိမ့် |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | နိမ့် |
| ရေအရင်းအမြစ် | လတ် |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေ၏ မြေဆီမြေဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သဖြင့် အချို့သော မြေကေ အနည်းငယ်အတွက်သာ စိုက်ပျိုးရန် အခက်အခဲ အနည်းငယ်ရှိကြောင်း၊ အပင်မျိုးစိတ်များမှာလည်း ကောင်းမွန်သဖြင့် အခက်အခဲမရှိကြောင်း၊ ယခင်နှစ်တွင် တောင်သူ အချို့၏ စိုက်ခင်းများတွင် ဖျက်ပိုးနှင့်ရောဂါကျရောက်မှုကြောင့် သီးနှံများ ပျက်စီး ဆုံးရှုံးမှုဖြစ်ပွားခဲ့ သဖြင့် အထွက်နှုန်းကျဆင်းခဲ့ကြောင်း၊ ရေအရင်းအမြစ်အနေဖြင့် မိုးတွင်းကာလ တွင်သာ စိုက်ပျိုးရေရရှိသဖြင့် မိုးခေါင်သော နှစ်များတွင် စိုက်ပျိုးရေ လုံလောက်စွာမရရှိကြောင်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် အားနည်းလျှက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ) ပညာရေး

### (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၄ | ၁၄ | ၁၈ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၁၈၇ | ၂၁၁ | ၃၉၈ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၅၁ | ၄၃ | ၉၄ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၂၁ | ၁၂ | ၃၃ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၅ | ၅ | ၁၀ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေထိုင်သူလူဦးရေစုစုပေါင်း (၅၇၈)ဦးရှိသည့်အနက် စာမတတ်သူ (၃%)၊ မူလတန်းအဆင့် တတ်မြောက်သူ (၆၉%)၊ အလယ်တန်းအဆင့် တတ်မြောက်သူ (၁၆%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၆%)နှင့် တက္ကသိုလ်အဆင့် တတ်မြောက်သူ (၂%)ရှိပြီး ကျန်ရှိသော (၄%)မှာ နို့စို့အရွယ်ကလေးငယ်များနှင့် ၅-နှစ်အောက် ကလေးငယ်များ ဖြစ်ကြပါသည်။ ကျေးရွာ မူလတန်းလွန်ကျောင်းရှိသည့်အတွက် ကျေးရွာနေပြည်သူအများစုမှာ အနိမ့်ဆုံး မူလတန်းအဆင့် တတ်မြောက်သူများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ-၂) ကျောင်းတက်နှုန်း**

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၇ | ၂၅ | ၄၂ |
| အလယ်တန်း | ၁၀ | ၂၆ | ၃၆ |
| အထက်တန်း | ၄ | ၈ | ၁၂ |
| တက္ကသိုလ်/ကောလိပ် | ၁ | - | ၁ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ KGတန်းတွင် သင်ယူနေသူ (၅)ဦး၊ မူလတန်းတွင် (၃၇)ဦး၊ အလယ်တန်းတွင် (၃၆)ဦး အထက်တန်းတွင် (၁၂)ဦးနှင့် တက္ကသိုလ် တက်ရောက်နေသူ (၁)ဦးရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တောကျောင်းကျေးရွာမူလတန်းလွန်ကျောင်းတွင် မူလတန်းအဆင့် (၄၂) ဦး၊ အလယ်တန်းအဆင့် (၁၇)ဦးတက်ရောက်လျှက်ရှိကြောင်း၊ တောကျောင်းကျေးရွာ ဘုန်းကြီးကျောင်း ပညာရေးတွင် အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ(၁၃)ဦး တက်ရောက် သင်ယူလျှက် ရှိကြောင်း၊ အထက်တန်းအဆင့်ကျောင်းသား/ကျောင်းသူများနှင့် အချို့သော ငွေကြေးတတ်နိုင်သည့် မိသားစုများ၏သားသမီးများမှာ သရက်မြို့တွင် အိမ်ငှားနေထိုင်၍ အခြေခံပညာ အထက်တန်း ကျောင်းတွင် တက်ရောက်ပညာ သင်ကြားလျှက်ရှိပါကြောင်း သိရှိရပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | (၁) | | | (၂) | | |
|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလွန် | | | အလယ်တန်း | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် | | | ဝ မှ ၁ မိုင် | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် / စက်ဘီး | | | ခြေလျင် / စက်ဘီး | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်း ဧရိယာ (စတုရန်းပေ)* | စတုရန်းပေ (၆ဝ’×၃ဝ”) | | | စတုရန်းပေ (၄ဝ’×၃ဝ”) | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း | | | ညံ့ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | မလုံလောက်ပါ | | | မလုံလောက်ပါ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း | | | သင့် | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှု မရှိပါ | | | တိုက်ကျွေးမှု မရှိပါ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၅ | ၅ | ၂ | ၁ | ၃ |
| ကျေးရွာခန့် | - | - | - | - | ၂ | ၂ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာအတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း တည်ရှိပြီး ကျေးရွာတွင်းရှိ ကျောင်းသားကျောင်းသူများမှ ခြေလျင်ဖြစ်စေ၊ စက်ဘီးဖြင့်ဖြစ် သွားရောက် ကျောင်းတက်ကြပါသည်။ ကျောင်းဆောင်မှာ ၆ဝ’×၃ဝ’ပေ အကျယ်ရှိ တစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး KGတန်း၊ မူလတန်း၊ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်း ကျောင်းသား/ကျောင်းသူ

စုစုပေါင်း(၅၉)ဦး တက်ရောက် ပညာသင်ယူလျှက်ရှိပါသည်။ မူလတန်းလွန်ကျောင်းဖြစ်သည့် အတွက် မူလတန်း၊ ပဥ္စမတန်းနှင့် ဆဋ္ဌမတန်းအထိသာ တက်ရောက်ကြရပြီး အစိုးရခန့် ဆရာမ (၈)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။ အစိုးရအခြေခံပညာ အလယ်တန်းကျောင်းခွဲ တည်ရှိသော တုတ်ကိုင်းကျေးရွာသည် ကျေးရွာမှ (၃)မိုင်ခန့် ကွာဝေးပြီး ချောင်းကိုဖြတ်၍ သွားရောက်ရသည့် အတွက် မိုးတွင်းကာလတွင် သွားရေးလာရေး အလွန်ခက်ခဲသဖြင့် ကျေးရွာတွင် သတ္တမတန်းနှင့် အဋ္ဌမတန်းတို့အား ဘုန်းတော်ကြီးသင် ပညာရေးစနစ်ဖြင့် ဖွင့်လှစ်ထားရခြင်း ဖြစ်ပါသည်။ စာသင်ကျောင်းဆောင်အနေဖြင့် ကျေးရွာကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ထား သော ၄၀'×၃၀'ပေ အကျယ်ရှိ ထရံကာ၊ သွပ်မိုး တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျေးရွာမှ ငှားရမ်း ထားသော ဆရာမ(၂)ဦးမှ သင်ကြားလျှက်ရှိပါသည်။ သတ္တမတန်း ကျောင်းသူ ကျောင်းသားများသည် ကျေးရွာတွင်သာ စာမေးပွဲဖြေဆိုကြရသော်လည်း အဋ္ဌမတန်းကျောင်းသား ကျောင်းသူများမှာ သရက်မြို့သို့ သွားရောက်၍ အတန်းတင် စာမေးပွဲဖြေဆိုကြရပါသည်။ မိုးတွင်း ကာလတွင် သွားရေးလာရေး အခက်အခဲများကြောင့် ကျောင်းမတက်နိုင်သဖြင့် ပညာရေးတွင် ထိခိုက်မှုများ ကြုံတွေ့ကြရ ကြောင်း လေ့လာသိရှိရပါသည်။

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အောက် |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | နည်း |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | မလုံလောက် |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ KGတန်း၊ မူလတန်း၊ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်း ကျောင်းသားဦးရေ စုစုပေါင်း (၅၉)ဦးရှိပြီး ဆရာဦးရေ (၈)ဦးရှိသည့်အတွက် တပည့်-ဆရာအချိုးမှာ ကိုက်ညီမှုရှိပြီး ကျေးရွာတွင်းတွင်ပင် မူလတန်းလွန်ကျောင်း ရှိသည့်အတွက် အနိမ့်ဆုံးအဆင့်အဖြစ် မူလတန်း အောင်မြင်ကြသော်လည်း အလယ်တန်းနှင့် အထက်တန်းအဆင့် ပညာတက်ရောက်ရန်မှာ များစွာ အခက်အခဲရှိကြောင်း၊ ငွေကြေးတတ်နိုင်သော မိသားစုအချို့မှ သားသမီးများသည် သရက်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ယူကြရသော်လည်း ငွေကြေးမတတ်နိုင်သော မိသားစုများမှ ကျောင်းသား ကျောင်းသူများမှာ သွားရေးလာရေးအခက်အခဲနှင့် ငွေရေးကြေးရေး အခက်အခဲများကြောင့် ဆက်လက်ပညာသင်ယူခွင့် မရကြဘဲ ကျောင်းထွက်ကြရကြောင်း၊ ကျေးရွာရှိ မူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမည်ဆိုပါက ကျေးရွာနေ ကျောင်းသားကျောင်းသူများအနေဖြင့် အနိမ့်ဆုံး အလယ်တန်းအဆင့်အထိ တက်ရောက်နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၉) ကျန်းမာရေးနှင့် အာဟာရ

### (၉-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဥ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | နိမ့် |
| ၂ | သွေးလွန်တုပ်ကွေး | နိမ့် |
| ၃ | ငှက်ဖျား | မရှိ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မရှိ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မရှိ |
| ၆ | တီဘီ | နိမ့် |
| ၇ | ဆီးချို | နိမ့် |
| ၈ | သွေးတိုး | နိမ့် |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မရှိ |
| ၁၀ | အာဟာရ ချို့တဲ့မှု | နိမ့် |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | နိမ့် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်း ရောဂါဖြစ်ပွားမှုများနေဖြင့် ကလေးငယ်တစ်ဦး သွေးလွန်တုတ်ကွေးရောဂါ ဖြစ်ပွားခဲ့ဖူးသော်လည်း စနစ်တကျဆေးကုသမှု ခံယူခဲ့သည့်အတွက် ပြန်လည်ကောင်းမွန်လာခဲ့ကြောင်း၊ လူကြီးအချို့တွင် တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ ဖြစ်ပွားလျှက်ရှိကြောင်း၊ ဆင်းရဲချို့တဲ့သော မိသားစုအချို့တွင် အဟာရချို့တဲ့မှု ကြုံတွေ့ရကြောင်း သိရှိရပါသည်။

## (၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | မရှိ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | မရှိ |
| ၃ | ပိုလီယိုရောဂါ | | မရှိ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | | မရှိ |
| ၅ | ဝက်သက်ရောဂါ | ရှိ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | မရှိ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ရှိ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုအနေဖြင့် ဝက်သက်ရောဂါကာကွယ်ဆေး၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဟာရပညာပေး အစီအစဉ်များလည်း ဆောင်ရွက်ခဲ့ပါကြောင်း သိရှိရပါသည်။

## (ဇ-၃)  ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၁ မိုင် မှ ၃ မိုင် | မရှိ |
| မြို့နယ် ဆေးရုံ | ၁၀ မိုင်အထက် | ရှိ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ | ☒ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာမှ (၁)မိုင်ခန့် ကွာဝေးသော ရေဘွက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း(၁)ဦး ရှိသော်လည်း အခန်း/ကုတင် လုံလောက်မှု မရှိကြောင်း၊ ကျေးရွာ(သို့မဟုတ်)ကျေးရွာအနီးတွင်လည်း ဆေးဆိုင်မရှိကြောင်း၊ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပွားပါက ကျေးရွာမှ (၁၅)မိုင်ခန့် ကွာဝေးသော သရက်မြို့ရှိ ခရိုင်ဆေးရုံကြီးသို့ သွားရောက်ဆေးကုသမှု ခံယူကြရကြောင်း သိရှိရပါသည်။

## (ဈ)    ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

## (ဈ-၁)  သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု | ရေ အရည်အသွေး | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ |
|---|---|---|---|---|
| အဝီစိတွင်း/ စက်တပ် | ၅ | မရှိ | သင့် | တစ်နှစ်ပတ်လုံး |
| အဝီစိတွင်း/ တုံကင် | ၁၅၆ | မရှိ | သင့် | တစ်နှစ်ပတ်လုံး |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှုအနေဖြင့် ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် စက်ရေတွင်း (၁)တွင်း၊ ကျေးရွာပိုင်စက်ရေတွင်း (၁)တွင်း၊ ပုဂ္ဂလိကပိုင်လက်ဆွဲတွင်း (၄၀)တွင်းရှိပါကြောင်း၊ ကိုယ်ပိုင်ရေတွင်းမရှိသော အိမ်ထောင်စုများသည် နီးစပ်ရာရေတွင်းများမှ သောက်သုံးရေ ရယူသုံးစွဲကြရပါကြောင်း၊ ပွန်းချောင်းရေမှာ လူများရေချိုးခြင်း၊ တိရစ္ဆာန်များအား ရေချိုးပေးခြင်းတို့ကြောင့် မသန့်ရှင်းသဖြင့် သောက်သုံးမရကြောင်း၊ ထို့ကြောင့် စက်ရေတွင်းတူးဖော်၍ ရေပိုက်လိုင်းသွယ်တန်း ဆောင်ရွက်သွားမည်ဆိုပါက ကျေးရွာနေ ပြည်သူများအားလုံး သောက်သုံးရေ အလွယ်အကူရယူနိုင်ပြီး တစ်နှစ်ပတ်လုံး ဖူလုံမှုရှိမည် ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၂၉ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၂၇ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၅ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသူ အိမ်ထောင်စု (၁၂၉)စု၊ တွင်းရှိအိမ်သာ သုံးစွဲသူ (၂၇)စုနှင့် အိမ်သာမရှိ အိမ်ထောင်စု (၅)စုသဖြင့် အများစုမှာ ယင်လုံအိမ်သာသုံးစွဲကြသည့်အတွက် ကျန်းမာရေး ဗဟုသုတရှိသော ကျေးရွာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | မရှိ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ | |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | မရှိ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု | ရှိ | |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း အခြားသော သာရေး/နာရေး/လူမှုရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြကြောင်း၊ တရားဥပဒေစိုးမိုးသော ဒေသဖြစ်ခြင်းနှင့် တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာနေလူထု၏ အသိအမြင် ဗဟုသုတရှိခြင်းတို့ကြောင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် အခြားသော အမှုကိစ္စများ ဖြစ်ပွားမှု မရှိကြောင်း သိရှိရ ပါသည်။

## (၄) အခြေခံ အဆောက်အဦများ အခြေအနေ

### (၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | မြေသားလမ်း | သင့် | ၅နှစ် အထက် | တစ်နှစ်ပတ်လုံး | ၀-၁ မိုင် |
| ရွာချင်းဆက်လမ်း | မြေသားလမ်း | ညံ့ | ၅နှစ် အထက် | တစ်နှစ်ပတ်လုံး | ၁-၅ မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်းလမ်းမှာ (၁)မိုင်ခန့်ရှည်သော မြေသားလမ်းဖြစ်ပြီး၊ ကျေးရွာချင်းဆက်လမ်းများအနေဖြင့် မိမိတို့ တောကျောင်းရွာမှ သပြေစမ်းရွာသို့ မြေသားလမ်းအရှည် (၃)မိုင်ခန့်၊ ရေဘွက်ရွာသို့ အရှည် ပေ(၁၂၀၀)ခန့် ရှိသော မြေသားလမ်းတို့ဖြင့် ဆက်သွယ်ထားရှိပါကြောင်း၊ ရွာချင်းဆက်လမ်း (၂)လမ်းစလုံးများ မြေသားလမ်းများဖြစ်ပြီး ခြောက်သွေ့ရာသီတွင် သွားလာရလွယ်ကူသော်လည်း မိုးရာသီတွင် သွားလာရန် အလွန်ခက်ခဲကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဘေးတွင် ချောင်းရှိသော်လည်း ချောင်းကူးတံတားအပါအဝင် အခြား မည့်သည့်တံတားမှ မရှိသေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | အသုံးမပြုပါ | ☒ | ☒ |
| ပင်လယ်ရေကြောင်း | အသုံးမပြုပါ | ☒ | ☒ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဘေးတွင်ရှိသော ပွန်းချောင်းမှာ ချောက်သွေ့ရာသီတွင် ရေနည်းသောကြောင့် သွားလာရန်လွယ်ကူပြီး မိုးတွင်း ချောင်းရေလျှံနေချိန်တွင်လည်း ရေများသောကြောင့် သွားလာရန် မလွယ်ကူသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး မရှိပါကြောင်း သိရှိရပါသည်။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | – | – | ၃၃ | ၅၃ | ၁ | - | ၃ | – | ၇၄ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ တောကျောင်းကျေးရွာနေ အိမ်ထောင်စုများပိုင်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး(၃၃)စီး၊ မော်တော်ဆိုင်ကယ် (၅၃)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီး၊ မော်တော်ကား(၃)စီးနှင့် နွားလှည်း(၇၄)စီး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာဘေးရှိ ပွန်းချောင်းမှာ ချောက်သွေ့ရာသီတွင် ရေနည်းသောကြောင့် သွားလာရန် လွယ်ကူသဖြင့် လှေ/သမ္ဗာန်များ အသုံးပြုမှုမရှိကြောင်းနှင့် မိုးတွင်း ချောင်းရေလျှံနေချိန်တွင်လည်း ရေများသဖြင့် သွားလာရန် မလွယ်ကူကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| ဆိုလာစနစ် | ၁၅၁ | သင့် | မရှိ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သောလျှပ်စစ်ဓာတ်အားပေးစနစ် | ၁၀ | သင့် | မရှိ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် တစ်အိမ်သုံးဆိုလာများ ချထားပေးခဲ့သည့်အတွက် ဘုန်းတော်ကြီးကျောင်း၊ စာကြည့်တိုက်၊ မူလတန်းလွန်ကျောင်းနှင့် ကျေးရွာမှ အိမ်ထောင်စုစာရင်း ပေါက်သည့် အိမ်ထောင်စုများ အားလုံး ဆိုလာမီး ရရှိခဲ့ပါကြောင်း တွေ့ရှိရပါသည်။

## (ဍ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| အမျိုးအမည် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၁၃၄ | ၄၈ | ၅၇ | ၃၆ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စု၏ (၈၃%)မှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြခြင်း၊ ဆိုလာမီးရရှိသည့်အတွက် တီဗွီနှင့် ဂြိုလ်တုစလောင်းများ ပိုင်ဆိုင်ကြခြင်းတို့ကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဎ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များ ရှိခြင်း | မဖြေဆိုပါ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြု ပစ္စည်းများ ရှိခြင်း | မဖြေဆိုပါ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | များ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေလူငယ်များမှာ လူမှုရေးလုပ်ငန်းများ၊ ကျေးရွာသာရေး/နာရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ

ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့တွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်အများစုမှာ အနိမ့်ဆုံး မူလတန်းပညာရေး တတ်မြောက်ကြသူများ ဖြစ်သည့်အတွက် အသိပညာ ဗဟုသုတ ရရှိနိုင်ရန် ကျေးရွာ စာကြည့်တိုက်တွင် စာပေလေ့လာကြကြောင်း သိရှိရပါသည်။ သို့သော် လူငယ်များအနေဖြင့် ဘောလုံးကစားခြင်းနှင့် ခြင်းခတ်ခြင်းတို့ ဝါသနာပါသော်လည်း အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန်နှင့် ဘောလုံးကစားရန် အားကစားကွင်း မရှိခြင်းကြောင့် အားကစား လိုက်စားမှု အားနည်းကြကြောင်း၊ သို့ဖြစ်၍ လူငယ်များအတွက် အားကစားကွင်း ဆောက်လုပ်ပေးရန် ဆန္ဒပြုလျှက်ရှိကြောင်း သိရှိရပါသည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| **ဝန်ဆောင်မှုများ** | **ရှင်းလင်းချက်** |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းစသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | မရှိ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း | မဖြေဆိုပါ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦအဖြစ် တောကျောင်းကျေးရွာမှ (၁)မိုင်ခန့် ကွာဝေးသော တောမွန်ကျေးရွာတွင် MPT တယ်လီဖုန်းတာဝါတိုင်ရှိသဖြင့် ဆက်သွယ်ရေးကဏ္ဍမှာ အဆင်ပြေလျှက်ရှိပါကြောင်း၊ ကျေးရွာအတွင်း အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများ မရရှိပါကြောင်း၊ လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များ မရှိသေးပါကြောင်း သိရှိရပါသည်။

### (ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| မှုခင်းဖြစ်ပွားမှု အခြေအနေ | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| | မရှိ | မရှိ | မရှိ | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းသော ကျေးရွာဖြစ်သည့်အတွက် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှု စသည့် မှုခင်းများ မဖြစ်ပွားဖူးကြောင်း လေ့လာတွေ့ရှိရပါသည်။

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅-ခုနှစ်၊ မေလ

၂။ သရက်မြို့နယ်၊ တောကျောင်းကျေးရွာ၌ ၂၀၁၈-ခုနှစ် ၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာ ရွာခွဲတာဝန်ခံ၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်။

**ဇယား (၅၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်**

**တောကျောင်းကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|
| **၁။** | **ရုပ်မိရုပ်ဖအုပ်စု** | | | | | |
| **(က)** | **လမ်းပမ်းဆက်သွယ်ရေး** | | | | | |
| ၁ | လမ်းပမ်းဆက်သွယ်ရေးခက်ခဲသည့်အတွက်ပညာရေး၊ကျန်းမာရေး၊စီးပွားရေးတို့တွင်အလွန်အားနည်းခြင်း | ရွာမှမြို့နှင့် အခြားကျေးရွာများသို့သွားလာလိုပါကပွန်းချောင်းကိုဖြတ်ကူး၍ သွားရခြင်း | ပွင့်လင်းရာသီတွင်သွားလာ၍ရခြင်း | တံတားတည်ဆောက်ရန်အတွက် ကုန်ကျစရိတ် အလွန်များပြားခြင်း | လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့အားတင်ပြ၍ဘတ်ဂျက်တောင်းခံခြင်း | ကြိုးတံတားတည်ဆောက်ရန် |
| ၂ | ချောင်းဘေးကမ်းပါးနှင့်လယ်ကွက်များရေတိုက်စားခံရခြင်း | ချောင်းရေတိုက်စားခြင်း | | ရေကာတာတည်ဆောက်ရန်အတွက် ကုန်ကျစရိတ်အလွန်များပြားခြင်း | လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်သက်ဆိုင်ရာဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | ရေကာတာတည်ဆောက်ရန် |

| | | | | | | |
|---|---|---|---|---|---|---|
| **(ခ)** | **သောက်သုံးရေ** | | | | | |
| ၃ | သောက်သုံးရေအလွယ်တကူမရရှိခြင်း | ရွာပိုင်စက်ရေတွင်း (၁)တွင်းသာရှိခြင်း၊ ပွန်းချောင်းမှာလည်းခြောက်သွေ့ရာသီတွင် ရေနည်းခြင်း၊ အိမ်ထောင်စုအများစုမှာ စက်ရေတွင်းတူးဖော်ရန်ငွေကြေးမတတ်နိုင်ခြင်း | မြေအောက်ရေအလွယ်တကူတူးဖော်ရရှိနိုင်ခြင်း | ငွေကြေးမတတ်နိုင်ခြင်း | ကျေးလက်ဦးစီးနှင့်ဆက်သွယ်၍စက်ရေတွင်းတူးဖော်ရေးနှင့်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေးတင်ပြရန် | ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ထောက်ပံ့ငွေသိန်း(၁၀၀)ဖြင့်စက်ရေတွင်းတူးဖော်ခြင်း၊ Ferrocement Tankတည်ဆောက်ခြင်းနှင့်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ရန် |

| | | | | | | |
|---|---|---|---|---|---|---|
| (ဂ) ပညာရေး | | | | | | |
| ၄ | စာသင်ကျောင်းဆောင် အိုဟောင်းပျက်စီး နေခြင်း | –ယခင်ကျောင်းဆောင် အဟောင်းအား ပြုပြင်၍ အသုံးပြုနေရခြင်း<br>–ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားရခြင်း | မိဘဆရာအသင်း နှင့်ရပ်ရွာမှ ပညာရေး အားပေးခြင်းနှင့် ရပ်ရွာမှ ထောက်ပံ့ မှုများပြုလုပ်ပေး ခြင်း | ငွေကြေးမတတ်နိုင် ခြင်းနှင့် တည်ဆောက်ရေး နည်းပညာအားနည်းခြင်း | အခြေခံပညာဦးစီးဌာန သို့တင်ပြ၍ ဘတ်ဂျက် တောင်းခံရန် | ကျောင်းဆောင် အဟောင်းအားဖျက်၍ပေ (၆၀'×၃၀') အကျယ်ရှိ ကျောင်းဆောင်သစ် တည်ဆောက်ရန် |
| ၅ | (၇)တန်းနှင့်(၈)တန်း ကျောင်းသား/သူများ အား စာသင်ကြားမည့် အစိုးရခန့် အလယ်တန်းပြ ဆရာမရှိခြင်း | –မူလတန်းလွန် ကျောင်း ဖြစ်ခြင်း၊<br>–ဘုန်းကြီးကျောင်း ပညာရေးအဖြစ် အလယ်တန်းအား ဖွင့်လှစ်ထားရခြင်း | ကျေးရွာလူထု၏ ထောက်ပံ့မှုဖြင့် (၇)တန်း၊(၈)တန်း အတွက် ကျေးရွာ ခန့်ဆရာ(၂)ဦးဖြင့် ဖွင့်လှစ်သင်ကြား လျှက်ရှိခြင်း | –မူလတန်းမှအလယ်တန်း အထိ တက်ရောက်သူ ကျောင်းသားအရေအတွက် စုစုပေါင်း (၇၂)ဦးသာရှိ သဖြင့် သတ်မှတ်ဦးရေ မပြည့်မီခြင်း၊<br>–ကျောင်းဆောင်မလုံ လောက်ခြင်း | အခြေခံပညာဦးစီးဌာန သို့တင်ပြ၍ အလကခွဲ တိုးမြှင့်ပေးနိုင်ရေး တောင်းခံရန် | အခြေခံပညာ အလယ်တန်း ကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ရန် |
| ၂။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအုပ်စု | | | | | | |
| (က) စိုက်ပျိုးရေရရှိမှု | | | | | | |
| ၆ | စိုက်ပျိုးရေ မလုံလောက်ခြင်း | –စိုက်ခင်းအနီး ရေအရင်းအမြစ်မရှိ ခြင်း၊ | ပွန်းချောင်းရှိ | –ခြောက်သွေ့ရာသီ၌ ချောင်းတွင်ရေနည်းခြင်း<br>–ချောင်းနှင့်စိုက်ခင်း ဝေးသဖြင့် ရေသွယ် မရခြင်း | မြို့နယ်အဖွဲ့အစည်း များ၏ အကူအညီ ဖြင့် ရေရရှိရေး အစီအစဉ်များ ဆောင်ရွက်ခြင်း | ဆည်မြောင်းဦးစီးဌာန နှင့် ပူးပေါင်း၍ ဆည်ငယ်ကန်ငယ် တည်ဆောက်သွားရန် |

| | | | | | | |
|---|---|---|---|---|---|---|
| (ခ) မွေးမြူရေး | | | | | | |
| ၇ | ရောဂါပိုးကူးစက်မှု ကြောင့်တိရစ္ဆာန်အချို့ သေဆုံးခြင်း | –ရောဂါပိုးကူးစက်ခြင်း<br>–ရာသီဥတုအခြေအနေ | လေကောင်းလေ သန့်ရရှိခြင်း | –ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား သီးခြားခွဲထားရန် မြေနေရာမရှိခြင်း | – မွေး/ကုဦးစီးဌာနသို့ ဆက်သွယ်၍ ဆေးကုသရန် | –မွေး/ကုဦးစီးဌာန နှင့်ပူးပေါင်း၍ ကာကွယ်ဆေး ထိုးနှံခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| (ဂ) | **ငွေကြေးအခြေအနေ** | | | | | | |
| | ၈ | အရင်းအနှီး<br>မလုံလောက်ခြင်း | –သီးနှံအထွက်နည်း<br>ခြင်းနှင့်တိရစ္ဆာန်များ<br>ရောဂါဖြစ်၍<br>သေဆုံးခြင်းတို့ကြောင့်<br>ဝင်ငွေနည်းခြင်း | သမချေးငွေနှင့်<br>စိုက်ဘဏ်ချေးငွေ<br>များရရှိခြင်း | ကြွေးမြီတင်မှုများ | – ဆွေမျိုးနှင့် ငွေတိုးချေးသူထံမှ ငွေချေးရခြင်း၊ | ကျေးလက်ဦးစီး<br>ဌာနသို့မြစိမ်းရောင်<br>ချေးငွေ ချထားပေး<br>နိုင်ရေးတင်ပြ<br>တောင်းခံရန် |
| ၃။ | **လူငယ်အုပ်စု** | | | | | | |
| (က | **အားကစားနှင့်ကိုယ်ကာယကြံ့ခိုင်မှု** | | | | | | |
| | ၉ | အားကစားလိုက်စားမှု<br>အားနည်း | အားကစားကွင်းနှင့်<br>အားကစားပစ္စည်း<br>မရှိခြင်း | အားကစားလုပ်ရန်<br>စိတ်အားထက်သန်<br>မှုရှိခြင်း | မြေနေရာမရှိ | မြေနေရာရရှိရေး<br>ကျေးရွာနှင့်<br>ပူးပေါင်းဆောင်ရွက်ရန် | အားကစားကွင်း<br>တည်ဆောက်ရန် |
| ၄။ | **အမျိုးသမီးအုပ်စု** | | | | | | |
| (က) | **ကျန်းမာရေး** | | | | | | |
| | ၁၀ | ရောဂါများ ဖြစ်ပွားမှုရှိခြင်း<br>(ဖျားနာ၊သွေးတိုး၊<br>ဆီးချို၊ တီဘီစသည်) | –အဟာရချို့တဲ့ခြင်း၊<br>–မိသားစုစားဝတ်နေ<br>ရေးအတွက် အလုပ်<br>လုပ်ရခြင်း | –ချောင်းတစ်ဖက်<br>ကမ်းရေဘွက်ရွာ<br>တွင်ကျန်းမာရေး<br>ဆေးပေးခန်း/<br>ဝန်ထမ်း(၁)ဦးရှိ<br>ခြင်း | –ဆေးပေးခန်း/<br>ကျန်းမာရေး<br>ဝန်ထမ်းမရှိခြင်း၊<br>–ငွေကြေးချို့တဲ့ခြင်း | ကျန်းမာရေးဦးစီးဌာနသို့<br>တင်ပြ၍ ဆေးပေးခန်း/<br>ဝန်ထမ်းတောင်းခံရန် | ဆေးပေးခန်းနှင့်<br>ကျန်းမာရေး<br>ဝန်ထမ်းချထားပေး<br>ရန် |
| (ခ) | **ဗဟုသုတနှင့် စွမ်းဆောင်ရည်** | | | | | | |
| | ၁၁ | လူမှုရေးကဏ္ဍမှလွဲ၍<br>အခြားရပ်ရေးရွာရေး<br>ကိစ္စများတွင် အမျိုးသမီးများ<br>ဦးဆောင်ပါဝင်မှု အားနည်းခြင်း | –အိမ်မှုကိစ္စများ ဆောင်ရွက်နေရခြင်း၊<br>–စားဝတ်နေရေးပြေ<br>လည်စေရန်အတွက် နောက်ချန်၍<br>နေခဲ့ရခြင်း | ပညာရေး<br>တတ်မြောက်မှု<br>အသင့်အတင့်ရှိ | ကျား/မခွဲခြားမှု | ရပ်ရေးရွာရေးကိစ္စ<br>များတွင်အမျိုးသမီးများ တန်းတူပါဝင်ခွင့်<br>ရရှိအောင်တောင်းဆိုရန်၊ | အမျိုးသမီးများ၏<br>ဗဟုသုတနှင့်<br>စွမ်းဆောင်ရည်<br>မြှင့်တင်ရေး<br>သင်တန်းများ၊<br>ဟောပြောပွဲများ<br>ဖွင့်လှစ်ပို့ချရန် |
| ၅။ | **စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အုပ်စု** | | | | | | |
| (က) | **သက်မွေးဝမ်းကျောင်းလုပ်ငန်းများ** | | | | | | |
| | ၁၂ | သက်မွေးဝမ်းကျောင်း<br>ပညာရပ်များ<br>တတ်မြောက်မှု<br>အားနည်းခြင်း | –ဗဟုသုတအားနည်း<br>ခြင်း၊<br>–သင်တန်းတက်ရန်<br>ငွေကြေးမတတ်နိုင်<br>ခြင်း | သင်လိုတတ်လို<br>စိတ်ရှိခြင်း | သင်တန်းများဖွင့်လှစ်<br>သည့်မြို့သို့သွားရန်<br>လမ်းပမ်းဆက်သွယ်ရေး<br>ခက်ခဲခြင်း | အသက်မွေးဝမ်းကျောင်း<br>ပညာသင်တန်းများ<br>ဖွင့်လှစ်ရန် | ကျေးလက်ဦးစီးဌာန<br>နှင့်ချိတ်ဆက်၍ ဆိုင်ကယ်ပြင်<br>သင်တန်းဖွင့်လှစ်ရန် |

## အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး / ပြည်နယ် - | |
| **စီမံချက်အမည် -** | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ** | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်)** | |
| **မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)** | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)** | |
| **ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| • ………………….(ငွေသား) | • ကျေးလက်ဦးစီး |

| | |
|---|---|
| • …………………(ငွေသား)<br>• …………………(ပစ္စည်း/လုပ်အား) | • ကျေးရွာ<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့် ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း** (များ)**၊ အကောင်အထည်ဖော် မည့် စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)** |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်** |

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ